မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၉၈)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ စနေနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေ့ရောညဉ့်ပါအခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ်လုံးတော်ပြည့်ရောင်တော်ဖွင့် ဆေးသင်္ကန်းကပ်လှူပြီးစီးအောင်မြင်ခြင်းနှင့် ရွှေကြာသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ





ဆက်ကပ်ပူဇော်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်ပူဇော်စဉ်။

နေပြည်တော် ဇူလိုင် ၂၄

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ်လုံးတော်ပြည့် ရောင်တော်ဖွင့်ဆေးသင်္ကန်းကပ်လှူပြီးစီးအောင်မြင်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဓာတင်အောင်ပွဲ (၃)နှစ်ပြည့် အထိမ်းအမှတ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်အရောက် ရွှေကြာသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

စာမျက်နှာ ၅ ကော်လံ ၃ ★

တစ်ခါသုံးဆေးထိုးအပ်များ ထုတ်လုပ်မှုပြန်လည်စတင်

နေပြည်တော် ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆေးဝါးစက်ရုံ(အင်ရောင်း)တွင် တစ်ခါသုံးဆေးထိုးအပ်များ ထုတ်လုပ်မှုပြန်လည်စတင်ပြီးဖြစ်ကြောင်း အဆိုပါ စက်ရုံမှသိရသည်။

ဆေးဝါးစက်ရုံ(အင်ရောင်း)၌ တစ်ခါသုံးဆေးထိုးအပ်များ ထုတ်လုပ်မှု ပြန်လည်စတင်ခြင်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စက်ရုံ၌ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်စစ်စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာ့ဆေးဝါးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးနှင့် Valves Private limited ဥက္ကဋ္ဌတို့ တက်ရောက်ဖွင့်လှစ်ပေးကြပြီး စက်ရုံအတွင်း တစ်ခါသုံးဆေးထိုးအပ်ထုတ်လုပ်နေမှု၊ အရည်အသွေးစမ်းသပ်စစ်ဆေးနေမှုနှင့်ထုပ်ပိုးမှုစနစ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်စက်ရုံရှင်းလင်းဆောင်ခန်းမ၌

စာမျက်နှာ ၂ ကော်လံ ၃ ▼

ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၇၃)အဆန်/(၇၄)အစုန်လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ စတင်ပြေးဆွဲမည်



နေပြည်တော် ဇူလိုင် ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများအဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ရန်ကုန်-နေပြည်တော်-ရန်ကုန်ရထားခရီးစဉ်၊ ရန်ကုန်-မန္တလေး-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန်ရထားခရီးစဉ်များအား လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများဖြင့် ပြေးဆွဲပေးခဲ့ပြီး

စာမျက်နှာ ၁၇ ကော်လံ ၃ ◆

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့ တွေ့ဆုံဆွေးနွေး

စာ - ၁၂ သို့

ဆောင်းပါး စာ - ၁၃ သို့

ခေတ်မီဖွံ့ဖြိုးအလှတိုးစေမည် ပြည်ထောင်စုမြန်မာပြည်

အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၅ ရက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး မူပိုင်ခွင့်ကိုအလေးပေး

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့်လူနေမှုအဆင့်အတန်းမြင့်မားမှုသည် ကဏ္ဍအလိုက်ဆန်းသစ်တီထွင်ဖန်တီးနိုင်မှု၊ နိုင်ငံအတွင်းရှိအသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ကုန်စည်စီးဆင်းမှုများပြားလာမှု စသည့်အချက်များအပေါ်တွင်မူတည်သည်။ အထူးသဖြင့် နိုင်ငံခြားကုန်သွယ်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် မူပိုင်ခွင့်ကိစ္စသည် ပိုမိုကျယ်ပြန့်လာပြီး မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် ခိုင်မာတောင့်တင်းသည့်မူပိုင်ခွင့်စနစ်တည်ရှိနေခြင်းသည် စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေရေးတို့အတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့်မူပိုင်ခွင့်ဆိုင်ရာမဟာဗျူဟာများ(၂၀၂၃-၂၀၂၈) ချမှတ်ထားပြီးဖြစ်သည်။ မူပိုင်ခွင့်ဟုဆိုရာတွင် စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်နှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဟူ၍ မူပိုင်ခွင့်လေးမျိုးသတ်မှတ်ထားသည်။ အဆိုပါမူပိုင်ခွင့်များနှင့်ပတ်သက်၍လည်း မူပိုင်ခွင့်ဥပဒေများထုတ်ပြန်ထားရှိပြီးဖြစ်သည်။ မူပိုင်ခွင့်သည် တစ်မျိုးသားလုံး၏ အမျိုးသားအကျိုးစီးပွားကိုအကျိုးပြုနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုသည့်စနစ်တစ်ခုဖြစ်သည်။ လူတစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းလုပ်ငန်းတစ်ခုခုကို မူပိုင်ခွင့်ကကောင်းမွန်စွာအကာအကွယ်ပေးသည်။

နိုင်ငံတော်၌ မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်တည်ထောင်ရာတွင် မဟာဗျူဟာများပါ လုပ်ငန်းစဉ်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ မူပိုင်ခွင့်ဦးစီးဌာနနှင့်အတူပူးပေါင်းအကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ မူပိုင်ခွင့်ဥပဒေများအရ ပြည်တွင်းပြည်ပမှမူပိုင်ခွင့်လျှောက်ထားချက်များကိုလက်ခံခြင်း၊ စစ်ဆေးခြင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကိုဆောင်ရွက်နိုင်ပြီဖြစ်၍ မူပိုင်ခွင့်အကာအကွယ်ရရှိပြီးသူများ၏ မူပိုင်ခွင့်အခွင့်အရေးများကိုချိုးဖောက်မှုများအား ကာကွယ်တားဆီးခြင်းများကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

မူပိုင်ခွင့်ဆိုသည်မှာ မိမိ၏စိတ်ကူးစိတ်သန်းနှင့်အသိဉာဏ်ကိုအသုံးပြု၍ ဆောင်ရွက်ခြင်းမှထွက်ပေါ်လာသောစာပေ၊ ဂီတ စသည့်ဖန်တီးမှုအနုပညာလက်ရာများနှင့် ဆန်းသစ်သောနည်းပညာများဖြင့် တီထွင်ဖန်တီးထားသော လူသုံးကုန်ပစ္စည်းများ၊ ထုတ်လုပ်မှုနည်းစဉ်များစသည်တို့ကိုတီထွင်ဖန်တီးသူက ပိုင်ဆိုင်မှုရရှိစေရန်နှင့် အသုံးပြုခွင့်ရရှိခြင်းဖြစ်သည်။ ၎င်းတို့တွင်ထုတ်ကုန်အသစ်လက်ရာများနှင့် ထုတ်လုပ်မှုနည်းစဉ်များကို “တီထွင်မှုမူပိုင်ခွင့်”ဖြင့်လည်းကောင်း၊ ထုတ်ကုန်၏ပြင်ပအသွင်အပြင်နှင့် ပုံပန်းသဏ္ဌာန်တို့ကို “ဒီဇိုင်းမူပိုင်ခွင့်” ဖြင့်လည်းကောင်း အကာအကွယ်ရရှိနိုင်သည်။ အဆိုပါထုတ်ကုန်များကို သိမှတ်နိုင်သည့် အမှတ်တံဆိပ်များကိုမှတ်ပုံတင်ခြင်းဖြင့် “ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်” ရရှိနိုင်မည်ဖြစ်သည်။ ထုတ်ကုန်၏ ကြော်ငြာများ၊ ရုပ်ပုံကားချပ်များ၊စာပေ၊ အနုပညာ၊ သတင်းဆောင်းပါးများ စသည့်အနုသုခုမလက်ရာများကို “စာပေနှင့်အနုပညာမူပိုင်ခွင့်” ဖြင့် အကာအကွယ်ရရှိမည်ဖြစ်သည်။

မူပိုင်ခွင့်သည် မည်သူသည် ထိုအရာကိုအမှန်တကယ်ဖန်တီးသည်ဟု မှန်ကန်စွာဆုံးဖြတ်ပေးသည်။ မူပိုင်ခွင့်ဥပဒေသည် ဖန်တီးသူအတွက် ၎င်းဖန်တီးထားသောအလုပ်များအား အာမခံချက်ပေးသည်။ ပိုင်ရှင်၏ခွင့်ပြုချက်ရှိမှသာလျှင် ၎င်း၏လက်ရာကိုကူးယူနိုင်သည် သို့မဟုတ် တုပပြုလုပ်နိုင်သည်။ လူတစ်ဦးသည် မူပိုင်ခွင့်ဥပဒေဖြင့်ကာကွယ်ထားသော လက်ရာတစ်ခုအား ပိုင်ရှင်မသိဘဲအသုံးပြုလျှင် သို့မဟုတ် တုပပြုလုပ်လျှင် ၎င်းပုဂ္ဂိုလ်အား ဥပဒေအရအရေးယူရမည်ဖြစ်သည်။ စက်ဂိရိယာမှအစ အကြောင်းအရာပစ္စည်းအသစ်အဆန်းတစ်စုံတစ်ရာကို စတင်တီထွင်ဖန်တီးသူတို့သည် ခက်ခဲပင်ပန်းကြီးစွာဖြင့်ကြံစည်စိတ်ကူးလုပ်ကိုင်ပြီးမှသာ အောင်မြင်မှုအကျိုးခံစားခွင့်ရရှိကြခြင်းဖြစ်၍ မူရင်းတီထွင်သူ၏ကာယစွမ်းအား၊ ဉာဏ်အားစွမ်းအားကိုလေးစားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၇ (ဂ)တွင် “နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီခွင့်ပြုရမည်”ဟု ပြဋ္ဌာန်းထားသည်။ ထို့ပြင်ပုဒ်မ ၃၇၂ တွင်လည်း “ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေများပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကိုဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်ကအာမခံသည်” ဟုလည်းပြဋ္ဌာန်းထားသည်။

ယခုလက်ရှိကျင့်သုံးနေသည့်မူပိုင်ခွင့်စနစ်သည် တစ်မျိုးသားလုံးကိုအကျိုးပြုနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်သည့်စနစ်တစ်ရပ်ဖြစ်သည့်အတွက် ယုံကြည်မှုအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ဦးတည်ချက်များကိုအကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေသည့်မူပိုင်ခွင့်အကာအကွယ်ပေးခြင်းစနစ်ကျင့်သုံးရာတွင် မိမိတို့ပါဝင်ဆောင်ရွက်နေသည့် အခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က) ဒေါက်တာချစ်စိန်	ပါမောက္ခချုပ်
ပါမောက္ခချုပ်	ဒဂုံတက္ကသိုလ်
မော်လမြိုင်တက္ကသိုလ်	အဆင့်မြင့်ပညာဦးစီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန	ပညာရေးဝန်ကြီးဌာန
ပညာရေးဝန်ကြီးဌာန	
(ခ) ဒေါက်တာရီရီဦး	ပါမောက္ခချုပ်
ပါမောက္ခချုပ်	မော်လမြိုင်တက္ကသိုလ်
စစ်တွေတက္ကသိုလ်	အဆင့်မြင့်ပညာဦးစီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန	ပညာရေးဝန်ကြီးဌာန
ပညာရေးဝန်ကြီးဌာန	
(ဂ) ဒေါက်တာအေးအေးသန့်	ပါမောက္ခချုပ်
ပါမောက္ခချုပ်	တောင်ကြီးတက္ကသိုလ်
ရေနံချောင်းတက္ကသိုလ်	အဆင့်မြင့်ပညာဦးစီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန	ပညာရေးဝန်ကြီးဌာန
ပညာရေးဝန်ကြီးဌာန	

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသူဇာရိန်ကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းဖေကို အဆင့်မြင့်ပညာဦးစီးဌာန၊ ဟားခါးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

▼ ရှေ့ဖုံးမှအဆက်

ဒုတိယဝန်ကြီးက ဖွင့်ပွဲအထိမ်းအမှတ်အမှာစကားပြောကြားရာတွင် လက်ရှိတွင် ဆေးဝါးစက်ရုံ(အင်ရောင်း)မှ သွေးကြောသွင်းဆေးရည်၊ ထိုးဆေး၊ ဆေးမှုန့်၊ လိမ်းဆေး စသောဆေးဝါးအမျိုးအစား ပေါင်း ၄၄ မျိုးကို ထုတ်လုပ်လျက်ရှိကြောင်း၊ ယခုဆိုလျှင် စက်ရုံအနေဖြင့် တစ်ခါသုံးဆေးထိုးအပ်လေးမျိုးဖြစ်သည့် (3 ml/cc, 5 ml/cc, 10 ml/cc, 20 ml/cc) တို့ကိုတစ်နှစ်လျှင် ခုရေ သန်း ၁၀၀ ထုတ်လုပ်မည်ဖြစ်သည့်အတွက် နိုင်ငံအတွင်းလိုအပ်လျက်ရှိသော လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

သဇင်(FM)အသံလွှင့်အစီအစဉ်

၂၅-၇-၂၀၂၆(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင် တေးသံစဉ်

မြဝတီ ခုနှစဉ် Myawady Daily

Online Newspaper

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ဒေါ်နှင်းဝတ်ရည်ဖွေး၊ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်

နေပြည်တော် ဇူလိုင် ၂၄

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၂၃ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြရာ ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ည နေပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် M-16 သေနတ် ၂ လက်၊ ကိုးလုံးကျည်လက်လုပ်ပြောင်းချောသေနတ် ၆ လက်၊ MG-1 လက်ပစ်ဗုံး ၂ လုံး၊ စကားပြောစက် ၁ လုံး၊ ကျည်အိမ် ၃ ခု နှင့် ကျည်မျိုးစုံ ၁၉၆ တောင့် တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၂ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၀၀၊ လက်လုပ်ပြောင်းချောသေနတ် ၆ လက်အတွက် သိန်း ၃၀၊ လက်ပစ်ဗုံး ၂ လုံးအတွက် ဆုကြေးငွေကျပ် ၆ သိန်း၊ စကားပြောစက် ၁ လုံးအတွက် ဆုကြေးငွေကျပ် ၂ သိန်းနှင့် အလင်းဝင်ရောက်လာသူ ၂၃ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် ၁၀ သိန်းနှုန်း ဖြင့် သိန်း ၂၃၀ ကျပ်၊ စုစုပေါင်း ငွေကျပ် ၃၆၈ သိန်းအား ပေးအပ်ကာ ခံဝန်ကတိ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်ထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများကို လွှဲပြောင်းအပ်နှံစဉ်။



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်တို့သို့ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအပ်နှံသည့် လက်နက်၊ ခဲယမ်းများကိုကြည့်ရှုစဉ်။

လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကိုယ်စား ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသူများမှာ မြိတ်မြို့မှ အမျိုးသား ၈ ဦး၊ ထားဝယ်မြို့မှ အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၁ ဦး၊ တနင်္သာရီမြို့မှ အမျိုးသား ၄ ဦး၊ ပုလောမြို့မှ အမျိုးသား ၁ ဦး၊ ပလောက်မြို့မှ ၁ ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့မှ အမျိုးသား ၁ ဦး စုစုပေါင်း ၂၃ ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကိုခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

“၂၀၂၄ ခုနှစ် ၄ လပိုင်း ၁ ရက်နေ့မှာ သူငယ်ချင်းက ခေါ်လို့ ရောက်သွားခဲ့တယ်။ စခန်းမှာ သစ်ခုတ်၊ ဝါးခုတ်၊ မြေကျင်းတူးတာတွေ နေ့တိုင်း ပင်ပင်ပန်းပန်းလုပ်ခဲ့ရပါတယ်။ စခန်းမှာ ခေါင်းဆောင်အကြီးပိုင်းတွေက ကြီးနိုင်ငယ်ညှဉ်းလုပ်ကြတယ်။ အစားအသောက်တွေဆို သူတို့ကကောင်းကောင်းစားပြီး ကျွန်တော်တို့ကို ပဲဟင်း၊ ငါးခြောက်နဲ့ပဲ ကျွေးတာပါ။ အသက်အန္တရာယ်များတဲ့အလုပ်ဆို ကျွန်တော်တို့ကပဲ လုပ်ရတယ်။ လမ်းမှာ ဂိတ်ဖွင့်ပြီး ပိုက်ဆံကောက်တယ်။ ရွာတွေကို တစ်လ တစ်ခါဆက်ကြေးကောက်ကြတယ်။ ရလာတဲ့ ပိုက်ဆံသိန်း ၂၀၀ လောက်ကို သိန်း ၃၀၀ လောက်ပဲစာရင်းတင်ပြီးတော့ ကျန်တဲ့ ပိုက်ဆံကို သူတို့ထိုင်းမှာ အိမ်တွေ ခြံတွေ မြေတွေ ကားတွေဝယ်ပြီးတော့ နေထိုင်ကြတယ်။ စခန်းမှာကျန်ခဲ့တဲ့ ကျွန်တော်တို့က တော်ပြတ်ပြီးနေရတယ်။ ကျွန်တော်တို့က တော်လှန်ရေးအတွက် ဝင်လာတာ ဆိုပေမယ့် ထင်ထားတာနဲ့ တခြားစီဖြစ်နေတယ်။ ပြည်သူတွေကို ဒုက္ခပေးတယ်လို့ ပြောရင်လည်း ကျွန်တော်တို့ကို ဆူပူကြိမ်းမောင်းတယ်။ အချုပ်ချတယ်။ တပ်မတော်ထဲ အလင်းဝင်တဲ့အခါမှာဆိုရင်လည်း တာဝန်ရှိတဲ့လူကြီးတွေက ကျွန်တော်တို့ကို နွေးနွေးထွေးထွေးကြိုဆိုပြီးကောင်းကောင်း မွန်မွန်နေထိုင်စားသောက်လို့ရအောင် စီစဉ်ပေးကြပါတယ်။ စိတ်အေးချမ်းသာစွာနဲ့ လွတ်လွတ်လပ်လပ်နေရပါတယ်။ တောထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေအားလုံးကိုလည်း အမှားကိုသိပြီး အမှန်ကိုပြင်ကာ တပ်မတော်ထဲ အမြန်ဆုံးအလင်းဝင်ကြပါ”လို့ တိုက်တွန်းပြောကြားချင်ပါတယ်။

“၂၀၂၄ ခုနှစ် ၂ လပိုင်း ၁၄ ရက်နေ့မှာ စဝင်တယ်။ ဆေးသင်တန်းတစ်လတက်ရတယ်။ စခန်းမှာ ထမင်းချက်တာ၊ ထင်းခွဲတာ၊ ရေခပ်တာတွေ နေ့တိုင်းလုပ်ရတယ်။ နေရထိုင်ရတာ အဆင်မပြေဘူး။ အစားဆိုလည်း ကောင်းကောင်းမစားရဘူး။ စခန်းမှာဆို ဘာမှမလုပ်ထဲနဲ့ အမြဆူပူကြိမ်းမောင်းခံရတယ်။ စခန်းအပြင်လည်းမထွက်ရဘူး။ အနေအထိုင်ကျဉ်းကျပ်တယ်။ စစ်ကြောင်းလာရင်လည်း ခဏခဏပြေးရတယ်။ အမြဆူပူအနိုင်ကျင့်လေ့ရှိတယ်။ စခန်းမှာ မနေချင်လို့ ထွက်ပြေးတာလေးခါရှိပြီ။ လုံးဝမလွတ်မြောက်ခဲ့ဘူး။ အခုမှလွတ်လာတာပါ။ သူတို့ရဲ့မတရားလုပ်တာတွေ ကြီးနိုင်ငယ်ညှဉ်းလုပ်တာတွေကို သိမြင်လာပြီးတော့ တပ်မတော်ထဲ အလင်းလာဝင်ချင်နေတာပါ။ အလင်းဝင်တဲ့အခါမှာဆိုရင်လည်း တာဝန်ရှိတဲ့လူကြီးတွေက နွေးနွေးထွေးထွေးကြိုဆိုပြီး ကောင်းကောင်းမွန်မွန်နေထိုင်စားသောက်လို့ရအောင် စီစဉ်ပေးကြပါတယ်။ တောထဲမှာကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေအားလုံးလည်း တပ်မတော်ထဲ အလင်းဝင်ကြပါလို့ တိုက်တွန်းပြောကြားချင်ပါတယ်” ဟုပြောကြားကြောင်း သိရသည်။

(၁၀၀)

ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့တွင် စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၄

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ပေ၀က်ခန့်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းရွားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/၈၆)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကျင်းပစဉ်။

အစည်းအဝေးတွင် အကြမ်းဖက်မှုများကင်းစင်ပပျောက်ရေး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအသစ် တည်ဆောက်ပေးနိုင်ရေး၊ ကျေးရွာများ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ရေး၊ ဆရာ၊ ဆရာမများခန့်ထားပေးနိုင်ရေးနှင့် ကျောင်းပြင်ပပညာရေးကျောင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရေး၊ ကျောင်းများအတွင်း မိုဘိုင်းဖုန်းအသုံးပြုမှု စည်းကမ်းသတ်မှတ်ရေးနှင့် Digital Safety ပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)များ ဖွင့်လှစ်လျက်ရှိသော်လည်း အချို့ရုံးမြေနေရာ၊ ရုံးသုံးပစ္စည်းကိရိယာများနှင့် ဘဏ္ဍာငွေ မရှိခြင်းတို့ကြောင့် တိုးမြှင့်ထောက်ပံ့ပေး ရန် အစီအစဉ်ရှိ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်မင်းသူက မြန်မာနိုင်ငံ၏ကောင်းမွန်သော အုပ်ချုပ်မှုလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် OSS(ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ)အား စတင်ခဲ့ခြင်းဖြစ်ပြီး ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကိုတားမြစ်၍ ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ဦးစီးဌာနများအလိုက် အပြန်အလှန်ထိန်းကျောင်းမှုများ ပြုနိုင်ရေးအထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ "ပြည်သူ့အတွက် OSS" ဟူသောဆောင်ပုဒ်နှင့် အညီ ပြည်သူ့ဝန်ဆောင်မှုရုံးများကို ခရိုင်ရုံးစိုက်ရာမြို့နယ် ၇၂ မြို့နယ်တွင် ၇-၇-၂၀၁၅ ရက်နေ့၌ စတင်ဖွင့်လှစ်၍ ပြည်သူတို့အတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် ကျန်မြို့နယ်များ၌လည်း ၁၂-၁၀-၂၀၁၅ ရက်မှစ၍ ဆက်လက်ဖွင့်လှစ်ခဲ့ရာ နယ်မြေအခြေအနေနှင့် ဒေသအနေအထားအရ မဖွင့်လှစ်နိုင်သည့်ရုံး ၁၄ ရုံးမှအပ မြို့နယ်ပေါင်း ၃၃၀ တွင် ၃၁၆ ရုံးကိုဖွင့်လှစ်နိုင်ခဲ့ပြီး ဝန်ဆောင်မှုအမျိုးအစားပေါင်း ၁၆၄ မျိုးကို ဌာန ၂၉ ခု ဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop များထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀-၅-၂၀၁၅ ရက်စွဲဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ပြီး အဖွဲ့ဝင် ၁၆ ဦးဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်(OSS)ရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေး ဆပ်ကော်မတီကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၁-၈-၂၀၁၅ ရက်စွဲဖြင့် နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ပြီးအဖွဲ့ဝင် ၁၅ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ကာ(OSS)ရုံးများ စတင်ဖွင့်လှစ်သည့်အချိန်မှ ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သော်လည်း အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၏ အမိန့်ကြော်ငြာစာ(၄/၂၀၂၅)ဖြင့် ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop များထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ဖျက်သိမ်းခဲ့ပြီး အသစ်ပြန်လည်ဖွဲ့စည်းခဲ့ခြင်းမရှိပါသဖြင့် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)များတွင် ဝန်ဆောင်မှုပေးနေသည့်ဌာနများအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများအား သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ၎င်းတို့၏ သက်ဆိုင်ရာရုံးများတွင်သာ ဆက်လက် ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးစောမောင်၏ **ယင်းမာပင်ခရိုင်ရှိ နေရပ်စွန့်ခွာသူများ နေရပ်ပြန်ရန် ခက်ခဲလျက်ရှိပါသဖြင့် အကြမ်းဖက်များကင်းစင်ပပျောက်ရေး အမြန်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ကနီမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ် ၄ မြို့နယ်ပါဝင်ပြီး ကနီမြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၅ အုပ်စု၊ ကျေးရွာ ၁၈၈ ရွာဖြင့်လည်းကောင်း၊ ဆားလင်းကြီးမြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၉ အုပ်စု၊ ကျေးရွာ ၁၅၀ ဖြင့်လည်းကောင်း၊ ပုလဲမြို့နယ်တွင် ရပ်ကွက် ၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၉ အုပ်စု၊ ကျေးရွာ ၁၉၀ ရွာဖြင့်လည်းကောင်း၊ ယင်းမာပင်မြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၉ အုပ်စု၊ ကျေးရွာ ၁၆၈ ရွာတို့ဖြင့် ဖွဲ့စည်းထားရှိပါကြောင်း။

အဆိုပါဒေသများတွင် ၂၀၂၁ ခုနှစ်မှစတင်၍ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အပြစ်မဲ့ဒေသခံပြည်သူများအား ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုကြောင့် ဒေသခံပြည်သူအများစုမှာ ပြည်တွင်း/ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့်အပြင် လုံခြုံရေးကောင်းမွန်သည့်အခြားဒေသများသို့လည်း နေရပ်စွန့်ခွာ၍ တိမ်းရှောင်လျက်ရှိပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ၄မြို့နယ်နှင့်ကျေးရွာများတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ဦးဆောင်ကွပ်ကဲမှုဖြင့် တပ်မတော်တပ်ရင်း/တပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များမှ အခြေပြုလုံခြုံရေးကင်းများအပြင် တပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲကွန်မန်ဒိုစစ်ကြောင်းတို့ဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ရှင်းလင်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ယင်းမာပင်ခရိုင်အတွင်း နယ်မြေအခြေအနေမှာ အထိုက်အလျောက် တည်ငြိမ်အေးချမ်းစ ပြုလာပြီဖြစ်ပါကြောင်း၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ကင်းစင်ပပျောက်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူတို့မှပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မချမ်းဘောမဲဆန္ဒနယ်မှ ဦးငွေးရဲဆဲ၏ **မချမ်းဘောမြို့နယ်တွင် မီးသတ်ဦးစီးဌာနအတွက်အဆောက်အအုံကိုမည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မချမ်းဘောမြို့နယ်မီးသတ်ဦးစီးမှူးရုံးနှင့် စခန်းအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် ဂူဘားရိပ်သာ၊ လိပ်ပြာဆောင်တွင် ရုံးခန်းဖွင့်လှစ်ထားရှိပြီး ဒုတိယမီးသတ်ဦးစီးမှူး ဦးစီးတပ်ဖွဲ့ဝင် ၁၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၂ ဦး၊ မီးငြိမ်းသတ်ယာဉ် ၁ စီး၊ မီးသတ်ရေသယ်ယာဉ် ၁ စီးတို့ဖြင့် မြို့နယ်၏မီးဘေးလုံခြုံရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိကာ ၁၀ နှစ်အတွင်း မီးလောင်မှု ၂ ကြိမ်ရှိကြောင်း၊ စိစစ်တွေ့ရှိရပါကြောင်း၊ မချမ်းဘောမြို့နယ်မီးသတ်ဦးစီးဌာနရုံး ဖွင့်လှစ်ရန်အတွက် ပူတာအိုခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေပေးမိန့်ဖြင့် ခွင့်ပြုချထားပေးသည့် မချမ်းဘောမြို့ အမှတ် ၃ ရပ်ကွက် မြို့မ ၃ ဦးပိုင်အမှတ်(၁၂/၅)ရှိ မြေဧရိယာ ၂ ဒသမ ၀၀ ဧကတွင် မြို့နယ်မီးသတ်စခန်းအဆောက်အအုံဆောက်လုပ်ပေးရန်လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်တွင် လိုအပ်လျက်ရှိသော မြို့နယ်မီးသတ်စခန်းအဆောက်အအုံ ဆောက်လုပ်နိုင်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာခနှစ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဘဏ္ဍာငွေလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မိုးကောင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းအောင်၏ **မန္တလေး-မြစ်ကြီးနားလမ်းပေါ်ရှိ တရားဝင်လုံခြုံရေးဂိတ်များ၏ တရားမဝင်ကောက်ခံနေမှုများကို လျော့ပါး/ပပျောက်အောင်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ၂၀၂၁ ခုနှစ်နောက်ပိုင်းမှစတင်၍ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းရှိ နယ်မြေများတွင် မော်တော်ယာဉ်များအား ပြည်ထောင်စုလမ်းမကြီးအတိုင်း ဖြတ်သန်းခွင့်မပြုဘဲ ၎င်းတို့ဖောက်လုပ်ထားသည့် ကွင်းလမ်းများမှသာ မော်တော်ယာဉ်များအား ဖြတ်သန်းမောင်းနှင်စေပြီး ဖြတ်သန်းခွင့်ကြေးများကို အဆမတန်ကောက်ခံခြင်း၊ မော်တော်ယာဉ်များကို တားဆီးစစ်ဆေး၍ ကုန်ပစ္စည်းများသိမ်းယူခြင်း၊ ခရီးသွားပြည်သူများအားဖမ်းဆီး၍ ပြန်ပေးငွေများဖြင့်ရွေးယူစေခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပါသောကြောင့် ကုန်စည်များသယ်ယူပို့ဆောင်ရာတွင်လည်းကောင်း၊ အများပြည်သူနှင့်နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာရာတွင်လည်းကောင်း အခက်အခဲများဖြစ်ပေါ်လျက်ရှိရာ တပ်မတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းလျက်ရှိပြီး အများပြည်သူအေးချမ်းလုံခြုံစွာသွားလာနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေး-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးပေါ်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ်၌ ရတနာပုံတံတား(နာပေါက်)စစ်ဆေးရေးဂိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်၌ ရတနာပုံတံတားစစ်ဆေးရေးဂိတ်၊ရွှေဘိုခရိုင် ရွှေဘိုမြို့အဝင်တွင် ကိုးပင်ပူးပေါင်းစစ်ဆေးရေးဂိတ်၊ ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာတွင် ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် လွယ်ခေါကျေးရွာရှိ (၂၁)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်ဟူ၍ စုစုပေါင်းဂိတ် ၅ ဂိတ်ရှိပါကြောင်း၊ အဆိုပါဂိတ်များတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့အပြင် အခြားဌာနဆိုင်ရာများဖြင့်ပူးပေါင်း၍ တရားမဝင်အကောက်ခွန်မဲ့ကုန်ပစ္စည်းများ၊ ကြီးကြပ်ကန့်သတ်ပစ္စည်းများ၊ လက်နက်/ခဲယမ်းများ၊ မူးယစ်ဆေးဝါးများသယ်ဆောင်မှုမရှိစေရေးနှင့် PDF အမည်ခံအကြမ်းဖက်အုပ်စုအဖွဲ့ဝင်များမှ မြို့/ရွာများသို့ဝင်ရောက်ပြီး အကြမ်းဖက်ခြင်း၊ အဖျက်အမှောင့်လုပ်ရပ်များ ကျူးလွန်ခြင်းမရှိစေရေး ဝင်/ထွက်သွားလာမှုမရှိစေရန် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေး- မြစ်ကြီးနား လမ်းကြောင်းပေါ်ရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ငွေကြေးတောင်းခံမှု များမရှိစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်မှ စနစ်တကျကြပ်မတ်ခြင်း၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ၏ ဆောင်ရွက်မှုအခြေအနေများကို CCTV ကင်မရာများတပ်ဆင်၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ မော်တော်ယာဉ်များထံမှငွေကြေးတောင်းခံခြင်းများမပြုရန် အသိပညာပေးတားမြစ်ခြင်း၊ ငွေကြေးတောင်းခံမှုများရှိပါက တာဝန်ရှိသူအဆင့်ဆင့်ထံ တိုင်ကြားနိုင်စေရေး အသိပေးစာများ၊ ဖုန်းနံပါတ်များ ပါရှိသော ဗီနိုင်းဆိုင်းဘုတ်များစိုက်ထူခြင်း၊ တိုင်ကြားချက်များရရှိပါက စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ပြီး ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် အရေးယူဆောင်ရွက်ခြင်းတို့ဖြင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးနှင့် ခရီးသွားပြည်သူများစိတ်အေးချမ်းမြဲမြံစွာ သွားလာနိုင်ရေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးချမ်း၏ **အင်တာနက်ဝန်ဆောင်မှုပေးသူများ၏ စွမ်းဆောင်ရည်ကို စစ်ဆေးထုတ်ပြန်ပေးရန်နှင့် စာချုပ်ပါစွမ်းဆောင်ရည်ထက် ကျဆင်းနေသော ကုမ္ပဏီများကို မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန **စာမျက်နှာ ၇ သို့ ▲**





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ရွှေကြာသင်္ကန်းတော်ကို သာဟတ္ထိကဒါနမြောက် လက်တော်အရောက် ကပ်လှူပူဇော်ပြီးအမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သဒ္ဓါဓိပတိခေါင်းလောင်းတော်ကြီးအား (၉)ချက် ထိုးခတ်ပူဇော်၍ မေတ္တာပို့ ကုသိုလ်အမျှပေးဝေစဉ်။

★ **ရွှေဖုံးမှအဆက်**

နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့တက်ရောက်ကြည်ညိုသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ် (ကြည်း) ဗိုလ် ချုပ် ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်သောက်တော်ရေချမ်းနှင့်ဆီမီးတို့ကို ကပ်လှူပြီး ရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်ပူဇော်သည်။ ယင်းနောက် အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အခမ်းအနားမှူးက ဒေဝနိမန္တနစာတမ်းကို ဖတ်ကြား၍ နတ်ဗြဟ္မာများအား ပင့်ဖိတ်သည်။

ထို့နောက် ဥပါသကာများက ရွှေကြာသင်္ကန်းတော်ကို မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ ငြမ်းထက်သို့ ပင့်ဆောင်ကြပြီး ဧည့်ပရိသတ်အပေါင်းတို့က သရဏဂုံသုံးပါး ပါဠိနှင့်မေတ္တာပို့လက်ံနှစ်ပိုဒ်ကို သံပြိုင်ညီညာရွတ်ဆိုပူဇော်၍ မေတ္တာဘာဝနာများ ပွားများကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတဦးဆောင်သည့် အဖွဲ့ဝင်များအား အောင်အိုးကိုင် ဥပါသကာကငြမ်းထက်သို့ ကြုံဆိုဖိတ်မံပြီး နိုင်ငံတော်သမ္မတသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးထံသို့ ရွှေကြာသင်္ကန်းတော်ကို သာဟတ္ထိကဒါနမြောက် လက်တော်အရောက် ကပ်လှူပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ယင်းနောက်နိုင်ငံတော်သမ္မတနှင့်ဇနီး အမှူးပြုသည့် ဧည့်ပရိသတ်အပေါင်းတို့က သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနှင့် ၃၁ ဘုံသားတို့အား မေတ္တာပို့ကုသိုလ်အမျှပေးဝေပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရပ်သိမ်းခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်ရှိ သဒ္ဓါဓိပတိခေါင်းလောင်းတော်ကြီးအား (၉)ချက်ထိုးခတ်ပူဇော်၍ မေတ္တာပို့ ကုသိုလ်အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

PPIB News

မြန်မာနိုင်ငံသည် ဒီရေတောဧရိယာဧက ၁ ဒသမ ၂၆ သန်းခန့်ဖြင့် ကမ္ဘာပေါ်တွင် သတ္တမမြောက်ဒီရေတောဧရိယာ အများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်

နေပြည်တော် ၈လိုင် ၂၄

မြန်မာနိုင်ငံသည် ဒီရေတောဧရိယာဧက ၁ ဒသမ ၂၆ သန်းခန့်ဖြင့် ကမ္ဘာပေါ်တွင် သတ္တမမြောက်ဒီရေတောဧရိယာအများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပြီး အာဆီယံဒေသတွင် တတိယမြောက် ဒီရေတောဧရိယာ အများဆုံးပိုင်ဆိုင်သော နိုင်ငံဖြစ်ကြောင်းနှင့် ဒီရေတောများသည် လေထုထဲရှိကာဗွန်ဒိုင်အောက်ဆိုက်ကို အများဆုံးစုပ်ယူပေးသောကာဗွန် သိုလှောင်ရုံကြီးများဖြစ်ကြပြီး သဘာဝဘေးအန္တရာယ် ကာကွယ် ရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးတို့တွင် အရေးပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးက ယနေ့နံနက် ၉ နာရီတွင် သစ်တောဦးစီးဌာနသို့ ကျင်းပသည့် “၂၀၂၆ ခုနှစ်အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့” အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည်။

ယနေ့ ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ ကို "Raise Awareness of the Importance of Mangrove Ecosystem for Sustainable Conservation, Management and Uses" “ဒီရေတောများသားစဉ်မြေးဆက် ထိန်းသိမ်းအသုံးပြုနိုင်ရေး ပြည်သူလူထု အသိပညာမြှင့်တင်ပေး” ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ထို့နောက်အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပို့စတာများကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ဒီရေတောစိုက်ပျိုးထိန်းသိမ်းရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို “ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီရေတောများစိုက် ပျိုးထိန်းသိမ်းပေး” ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

မိုးညှင်းခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ရပ်မိ / ရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

မြစ်ကြီးနား ၈လိုင် ၂၄

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခင်ထိန်နန်းသည် ယမန်နေ့က မိုးညှင်းမြို့၊ မြို့တော်ခန်းမ၌ ခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ရပ်မိ/ ရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် တက်ရောက်လာကြသူများက ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ MSME လုပ်ငန်းတိုးတက်လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးစေလိုသည့် ကဏ္ဍများတင်ပြမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးသည်။

ညနေပိုင်းတွင် မြစ်ကြီးနားဇုန်နယ်သုံးပါး ပါဠိနှင့်မေတ္တာပို့လက်ံနှစ်ပိုဒ်ကို သံပြိုင်ညီညာရွတ်ဆိုပူဇော်၍ မေတ္တာဘာဝနာများ ပွားများကြသည်။

ယင်းနောက်နိုင်ငံတော်သမ္မတနှင့်ဇနီး အမှူးပြုသည့် ဧည့်ပရိသတ်အပေါင်းတို့က သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနှင့် ၃၁ ဘုံသားတို့အား မေတ္တာပို့ကုသိုလ်အမျှပေးဝေပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရပ်သိမ်းခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတဦးဆောင်သည့် အဖွဲ့ဝင်များအား အောင်အိုးကိုင် ဥပါသကာကငြမ်းထက်သို့ ကြုံဆိုဖိတ်မံပြီး နိုင်ငံတော်သမ္မတသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးထံသို့ ရွှေကြာသင်္ကန်းတော်ကို သာဟတ္ထိကဒါနမြောက် လက်တော်အရောက် ကပ်လှူပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ယင်းနောက်နိုင်ငံတော်သမ္မတနှင့်ဇနီး အမှူးပြုသည့် ဧည့်ပရိသတ်အပေါင်းတို့က သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနှင့် ၃၁ ဘုံသားတို့အား မေတ္တာပို့ကုသိုလ်အမျှပေးဝေပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရပ်သိမ်းခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်ရှိ သဒ္ဓါဓိပတိခေါင်းလောင်းတော်ကြီးအား (၉)ချက်ထိုးခတ်ပူဇော်၍ မေတ္တာပို့ ကုသိုလ်အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

ယင်းနောက် အဖွင့်ပွဲစဉ်အဖြစ် ကျော်မဆပ် အသင်းတော်လူငယ်အသင်းနှင့် မန်ခိန် အသင်းတော် လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဆိပ်ဖြူမြို့နယ်၌ အခြေခံပညာနှင့် စက်မှု စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများတွင် ပညာသင်ကြားနိုင်ရေး အသိပညာပေး

ဆိပ်ဖြူ ၊ ၇လိုင် ၂၄

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် တက်ရောက်ပညာသင်ကြားနိုင်ရေး အသိပညာပေးရှင်းလင်းခြင်းကို ၇လိုင်လ ၂၃ ရက်က မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကိုးတောင့်အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍနှင့် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအပါအဝင် ဘက်စုံပညာရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားနိုင်စေရန် ယခုကဲ့သို့ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါအသိပညာပေးပွဲတွင် ကိုးတောင့်အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဇေယျာဝေက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးဆုအောင်က အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေများ၊ တက်ရောက်ပညာသင်ကြားနိုင်သည့်အခွင့်အလမ်းများနှင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန္ဒာလှိုင်နှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဆောင်းဦးဝေတို့က အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ တက်ရောက်ခြင်းဖြင့် ဆက်လက်ပညာသင်ကြားနိုင်သည့် ပညာရေးအခွင့်အလမ်းများနှင့် လူမှုစီးပွားဆိုင်ရာကိစ္စရပ်များကို အသိပညာပေးရှင်းလင်းပြောကြားကြကြောင်း သိရသည်။

ကိုဇွဲ(အညာမြေ)

ဖလမ်းမြို့အား ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ၇လိုင် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့်အတူ ယမန်နေ့က ကလေး - ဖလမ်း - ဟားခါးလမ်းမိုင်(၇၈/၇ - ၇၉/၂)အကြား လမ်းသာနိမ့်ကျသောနေရာအား ကျောက်ပွဖြည့်ခင်းခြင်းနှင့် မိုင်(၈၂/၀ - ၈၂/၃)အကြား တောင်ပြုမြေစာ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းကိုကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများအား ပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက်လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများကို ဦးစားပေးအလိုက် ဆောင်ရွက်သွားရန်၊ မိုးရာသီတွင် လမ်းမပေါ်၌ရေမတင်စေရေး အလေးထားဆောင်ရွက်ရန်၊ တောင်ပေါ်ဒေသလမ်းဖြစ်သည့် အတွက် မိုးတွင်းတွင် တောင်ပြို၍လမ်းပြတ်တောက်မှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှကြိုတင်စုဖွဲ့၍ ကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် ဖလမ်းမြို့ ကျန်းမာရေး လူစွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုသင်တန်းကျောင်း၌ သင်တန်းကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အအုံများမှ ပြန်လည်အသုံးပြုနိုင်သော ဆယ်တင်ပစ္စည်းများဖြစ်သည့် သွပ်များ၊ သစ်သားများ၊ သံပန်း၊ သံတံခါးများ၊ တံခါးပြတင်းရွက်များ၊ ကျည်းပေါင်များ၊ ရေသန့်နှင့် လျှပ်စစ်ပစ္စည်းများကို စနစ်တကျသိမ်းဆည်းထားရှိရုံနှင့် တာဝန်ရှိသူများအား မှာကြားကာ သင်တန်းကျောင်းရှိဘွဲ့နှင်းသဘင်ခန်းမ၊ အုပ်ချုပ်မှုရုံးခန်း၊ စာသင်ဆောင်၊ စားရိပ်သာ၊ အိပ်ဆောင်တို့ကို ကြည့်ရှုသည်။

ယင်းနောက် ဖလမ်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယနေ့အထိ တီးတိန်၊ တွန်းဇ၊ ဖလမ်းမြို့တို့တွင် အခြေခံပညာကျောင်းပေါင်း ၂၈၈ ကျောင်း ဖွင့်လှစ်နိုင်၍ သင်ကြားရေးဆရာ၊ ဆရာမ ၁၂၅၁ ဦးဖြင့် အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၂၁၇၅၈ ဦးကို ပညာသင်ကြားပေးလျက်ရှိပြီး ပညာရေး(စီမံ)ဝန်ထမ်း ၅၂၉ ဦးဖြင့် ဌာနဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ နိုင်ငံတော်က ထောက်ပံ့သောကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ၊ ခဲတံနှင့် ဘောပင်များလည်း ရောက်ရှိဖြန့်ဝေပေးပြီးဖြစ်သည်။

ထို့အတူ တီးတိန်၊ တွန်းဇ၊ ဖလမ်းမြို့တို့တွင် မြို့နယ်ပြည်သူ့ဆေးရုံများ ဖွင့်လှစ်၍ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း ၂၈၅ ဦးဖြင့် လူနာပေါင်း ၁၄၂၅၉ ဦးအား ဆေးကုသမှုပေးနိုင်ခဲ့ပြီး နိုင်ငံတော်က ထောက်ပံ့သော ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ကုသရေးပစ္စည်းများနှင့် ဆေးဝါးများလည်း ရောက်ရှိနေပြီဖြစ်သည်။

အလားတူ တီးတိန်၊ တွန်းဇ၊ ဖလမ်းမြို့တို့တွင် နိုင်ငံတော်က ဆန်အိတ် ၁၀၀၀၊ စားသုံးဆီပိသာ ၆၁၆၀၊ ဘိလပ်မြေအိတ် ၄၀၀၊ သွပ် ၆၇၅၆ ချပ်၊ သွပ်ရိုက်သံ ဖာ၂၀၊ လူ/ကယ်/ပြန်ပစ္စည်းအစုံ ၆၀၀ ကို နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား ထောက်ပံ့ပေးအပ်ပြီး ဖြစ်ကြောင်းသိရသည်။

မြဝတီ

ရွှေသောင်ယံမြို့၌ LNG သုံး ဓာတ်အားပေးစက်ရုံ အကောင်အထည်ဖော်ဆောင်ရွက်နေ

ပုသိမ် ၇လိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပုသိမ်ခရိုင် ရွှေသောင်ယံမြို့မီးလင်းကျိုင် မဂ္ဂါဝပ် (၁၃၉၀) LNG သုံး သဘာဝဓာတ်ငွေ့ရည်နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံမှ ဓာတ်အားလိုင်းသွယ်တန်းခြင်းစီမံကိန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်၏ လေ့လာတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ Unique Environment Myanmar Co.,Ltd. မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

မီးလင်းကျိုင်ဒေသမှ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ လှိုင်သာယာပင်မဓာတ်အားခွဲရုံအထိ ၁၈၉ ကီလိုမီတာအရှည် (၅၀၀)ကေဗွီဓာတ်အားလိုင်း၊ မီးလင်းကျိုင်မှ အသုတ်ဓာတ်အားခွဲရုံအထိ ၆၉ ဒသမ ၉ ကီလိုမီတာအရှည်(၂၃၀) ကေဗွီဓာတ်အားလိုင်းများ ဓာတ်အားလိုင်းသွယ်တန်းခြင်း စီမံကိန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် လေ၊ မြေ၊ ရေ အရည်အသွေးတိုင်းတာခြင်း၊ ဆူညံသံတုန်ခါမှုတိုင်းတာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ လေ့လာခြင်း၊ လူမှုစီးပွားဆိုင်ရာ အခြေခံအချက်များကောက်ယူခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ လျော့ပါးစေရေးနည်းလမ်းများနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့ကို ဆန်းစစ်လေ့လာခဲ့ကြကြောင်း သိရသည်။

အဆိုပါစီမံကိန်းဆောင်ရွက်ပြီးစီးမှုအနေဖြင့် ၂၄ ဒသမ ၄ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် ကြိုတင်ဇာတ်တိုက်လေ့ကျင့်


ဒေးဒရဲ ၇လိုင် ၂၄

မိုးရာသီကာလတွင် ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်များနှင့်ရုတ်တရက် ရင်ဆိုင်ကြေးရေလျှံမှုများ ဖြစ်ပေါ်လာပါက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရန်နှင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပြည်သူလူထုပူးပေါင်းပါဝင်သော ရေပြင်ရှာဖွေကယ်ဆယ်ရေးကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြပွဲကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် အမှတ်(၁) ရပ်ကွက်တိုးတက်အောင် ရေယာဉ်ဆိပ်ကမ်း၌ ၇လိုင်လ ၂၃ ရက်က ဆောင်ရွက်သည်။



တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့်အဖွဲ့ဝင်များသည် ပြည်သူလူထုပူးပေါင်းပါဝင်သော ဌာနဆိုင်ရာအဖွဲ့များ၏ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများဖြင့် သဘာဝဘေးအန္တရာယ်များ တွေ့ကြုံရသည့်လူများအား ရှာဖွေကယ်ဆယ်ခြင်း၊ အသက်ကယ်အင်္ကျီဝတ်ဆင်နည်းများ၊ သဘာဝဘေးဒဏ်ခံရသည့် လူနာများအား ရှေးဦးသူနာပြုစုနည်းများဖြင့် ကုသခြင်း၊ မြစ်ရေကြီးမြင့်လာပါက နီးစပ်ရာအရေးပေါ်စခန်းများသို့ရွှေ့ပြောင်းရန် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းတို့ကို ကြည့်ရှုအားပေးကြောင်းသိရသည်။

အေဇာလင်း



▲ စာမျက်နှာ ၄ မှအဆက်

ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က အင်တာနက်အသုံးပြုသူများအနေဖြင့် အင်တာနက်လိုင်း ဝန်ဆောင်မှုရယူရာတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသည့်ကုမ္ပဏီများနှင့် ရယူအသုံးပြုရန်၊ အင်တာနက်လိုင်း ပြတ်တောက်မှုများဖြစ်ပေါ်ပါကပြင်ဆင်ပေးနိုင်ရေးသက်ဆိုင်ရာကုမ္ပဏီသို့အကြောင်းကြားရန်၊ ပြင်ဆင်ပေးခြင်းမရှိပါက ကုမ္ပဏီများထံမှ လျော်ကြေးငွေ သို့မဟုတ် အစားထိုးဝန်ဆောင်မှုပေးအပ်ရေးညှိနှိုင်းတောင်းဆိုရန်၊ လိုက်နာဖြည့်ဆည်းမှုမရှိပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ complaint@ptd.gov.mm email သို့လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၏ Consumer Call Center ဖုန်းနံပါတ် ၁၅၃၅ သို့လည်းကောင်း ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၀ ရက်အထိ ဆက်သွယ်ရေးဝန်ဆောင်မှုနှင့်ပတ်သက်သော တိုင်ကြားလာမှု ၂၂၀၀ ရှိပြီး ၂၁၉၂ မှုကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကျန်ရှိသော ၈ မှုအား ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အင်တာနက်ဝန်ဆောင်မှုပေးသူများ၏ စွမ်းဆောင်ရည်ကြောင့် အသုံးပြုသူများက ၎င်းတို့၏ဆုံးရှုံးနစ်နာမှုများအား တိုင်ကြားလာလျှင်ဖြစ်စေ၊ မြေပြင်တွင် ကွင်းဆင်းစစ်ဆေးတွေ့ရှိလျှင်ဖြစ်စေ ပြဋ္ဌာန်းထားသော ဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းမရှိခဲ့ကြောင်း ထင်ရှားပါက လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေပုဒ်မ ၄၁ (က) အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့်လည်း စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၅၂ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း ဆိုင်ရာ အမိန့်များဖြစ်သည့် သတိပေးခြင်း၊ ပြန်လည်ပြင်ဆင်ပေးစေခြင်း၊ အစားထိုးပေးစေခြင်း၊ ဆုံးရှုံးမှုတန်ဖိုးနှင့်အညီ ငွေပြန်လည်ပေးစေခြင်း စသည့်နည်းလမ်းများဖြင့် အရေးယူကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ **စိုင်းကျော်လှ၏ ကွန်ဟိန်းမြို့နယ် ဟိုပန်၊ တာကော်နှင့် ဝမ်ပတ်ကျေးရွာအုပ်စုများ အပါအဝင် ကျေးရွာခွဲများအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက ကာလိမြို့ ဟိုပန်ကျေးရွာအုပ်စုမှ ကျေးရွာ(၁၈) ရွာ၊ တာကော်ကျေးရွာအုပ်စုမှ ကျေးရွာ(၅)ရွာနှင့် ဝမ်ပတ်ကျေးရွာအုပ်စုမှ ကျေးရွာ(၂)ရွာတို့သည် လွိုင်မယ်ကြိုးဝိုင်းအတွင်း ကျရောက်ပြီး အဆိုပါကျေးရွာအုပ်စု (၃) အုပ်စု၊ (၂၅)ရွာ၏ ရွာမြေ ၂၉၇ ဒသမ ၈၈၈ ဧက၊ လယ်မြေ ၈၉၉ ဒသမ ၂၄ ဧက၊ သာသနာ/အများပိုင်မြေ ၃၂ ဒသမ ၆၂ ဧက စုစုပေါင်း ၁၂၂၉ ဒသမ ၇၈၈ ဧကတို့ကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မြို့မကျေးရွာအုပ်စုမှ ကျေးရွာ(၆)ရွာသည် ကျိုင်းခမ်းကြိုးဝိုင်းအတွင်း ကျရောက်ပြီး ရွာမြေ ၂၄၈ ဒသမ ၅၃ ဧက၊ လယ်မြေ ၂၅၉ ဒသမ ၃၈ ဧကနှင့် သာသနာ/အများပိုင်မြေ ၅ ဒသမ ၆၇ ဧက စုစုပေါင်း ၅၁၃ ဒသမ ၅၈ ဧကတို့အား ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ကွန်ဟိန်းမြို့နယ် ဟိုပန်ကျေးရွာအုပ်စုရှိ ပန်လုံကျေးရွာ၊ လွိုင်ဟန်းကျေးရွာ၊ ပန်ပေါင်းကျေးရွာ၊ တာကော်ကျေးရွာအုပ်စုရှိဝမ်အိန်ကျေးရွာနှင့် ဝမ်ဝိန်းကျေးရွာ စုစုပေါင်း ၅ ရွာတွင် စာရင်းများကောက်ယူစဉ်က အိမ်ခြေ ၅၀ အောက် ကျေးရွာများဖြစ်သောကြောင့် သစ်တောမြေမှ ပယ်ဖျက်ပေးခြင်းမရှိခဲ့ပါကြောင်း၊ ယခင်ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ၁၉၇၂ ခုနှစ်၌ အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည့် ကျေးရွာများဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင်မှ ကြိုးဝိုင်းတောဖွဲ့စည်းရာတွင် ပါဝင်သွားသည့် ကျေးရွာများဖြစ်ပါကြောင်း။

ကွန်ဟိန်းမြို့နယ် ကာလိမြို့၏ နယ်နိမိတ်အတွင်းရှိ ဟိုပန်ကျေးရွာအုပ်စု၊ တာကော်ကျေးရွာအုပ်စု၊ ကွန်ဟိန်းမြို့မကျေးရွာအုပ်စုနှင့်ဝမ်ဟတ်ကျေးရွာအုပ်စုတို့၏ ကျေးရွာခွဲများထဲမှ လွိုင်မယ်ကြိုးဝိုင်းနှင့် ကျိုင်းခမ်းကြိုးဝိုင်းအတွင်း ကျရောက်ပြီး ၂၀၁၃ ခုနှစ် သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာ တစ်ခုအထိ ကျူးကျော် အခြေချနေထိုင်မှုစာရင်းကောက်ယူထားသည့် ရွာမြေ ၅၄၆ ဒသမ ၄၁၈ ဧက၊ လယ်မြေ ၁၁၅၈ ဒသမ ၆၂ ဧက သာသနာ/အများပိုင်မြေ ၃၈ ဒသမ ၂၉ ဧက စုစုပေါင်း ၁၇၄၃ ဒသမ ၃၂၈ ဧကအား မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၏ နယ်နိမိတ်အတွင်းရှိ ဟိုပန်ကျေးရွာအုပ်စု၊ တာကော်ကျေးရွာအုပ်စု၊ နားပွဲကျေးရွာအုပ်စုများအပါအဝင် ကျေးရွာခွဲများ၏ ကြိုးဝိုင်းတောများအတွင်း ကျရောက်နေမှုများအား သစ်တောမြေမှပယ်ဖျက်နိုင်ရေး ဆောင်ရွက်ရမည်ဆိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနတို့က နိုင်ငံတော်သမ္မတရုံးသို့ မူဝါဒ ခွင့်ပြုချက်ရယူ၍ ခွင့်ပြုချက်ရရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စီစစ်ပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဂန့ဂေါမဲဆန္ဒနယ်မှ ဒေါ်အိဖြူလွင်၏ **အကြောင်းအမျိုးမျိုးကြောင့် နှစ်အောက်ခဲ့ရသော လက်ရှိကျောင်းတက်နေသည့် ကလေးများအား Placement Test ပညာရေးအစီအစဉ်တွင် ပါဝင်ခွင့်သို့မဟုတ် သင့်လျော်သည့် အစီအစဉ်ဖြင့် အသက်နှင့် အတန်းချိန်ညှိပေးနိုင်ခြင်း ရှိ၊ မရှိနှင့် အသက် ၁၅ နှစ်ကျော်မှ ၁၈ နှစ်အရွယ် ကလေးများအတွက် ကျောင်းပြင်ပ ပညာရေးကျောင်း အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ယခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းဒေသကြီး/ပြည်နယ်အချို့ရှိ ကျောင်းပြင်ပသို့ရောက်ရှိနေသော သက်လွန်ကလေးများ ပညာသင်ယူမှုအခွင့်အလမ်းမဆုံးရှုံးစေရေးအတွက် ကျောင်းပြင်ပ ပညာရေး Placement Test ဖြေဆိုခွင့်အား အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျောင်းပြင်ပမူလတန်းပညာရေး၏ မူလအသက်သတ်မှတ်ချက် ၁၀ နှစ်မှ ၁၄ နှစ်အစား ၁၀ နှစ်မှ ၁၆ နှစ်အတွင်းသို့လည်းကောင်း၊ ကျောင်းပြင်ပအလယ်တန်းပညာရေး၏ မူလအသက်သတ်မှတ်ချက် ၁၃ နှစ်မှ ၁၈ နှစ်အစား ၁၃ နှစ်မှ ၂၁ နှစ်အတွင်းသို့လည်းကောင်း အသက်သတ်မှတ်ချက်အားဖြေလျှော့ပေး၍ Placement Test ဖြေဆိုခွင့်ရရှိရေးစီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယခုပညာသင်နှစ်အတွက် သြဂုတ်လ ဒုတိယပတ်အတွင်း ဆောင်ရွက်သွားမည် ဖြစ်ပြီး ကြိုတင်၍ သတင်းစာ၊ TV တို့မှလည်း ကြေညာသွားမည် ဖြစ်ပါကြောင်း။။

Placement Test အစီအစဉ်တွင် ပါဝင်ခွင့်နှင့် အသက် ၁၅ နှစ် ၃ လ ကျော်ကလေးများအတွက် ကျောင်းပြင်ပ ပညာရေး အစီအစဉ်ဆိုင်ရာကိစ္စရပ်များကို ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် ဆက်လက်အကောင်အထည်ဖော်မည့်အစီအစဉ်များအတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဂန့ဂေါမြို့တွင် ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဖြေဆိုမည့် ကလေးငယ်များ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများသို့ ဆက်သွယ်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း ဖြေကြားသည်။

ခန္တီးမဲဆန္ဒနယ်မှ ဦးဂုဏ်ဝမ်း၏ **ခန္တီးမြို့နယ်အတွင်း ဆရာ၊ ဆရာမ လိုအပ်လျက်ရှိသည့် ကျောင်းများအားလုံးကို ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ခန့်အပ်နိုင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ခန့်အပ်မည်ဆိုပါက မည်သည့်အချိန် ခန့်အပ်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ထက်ဆင့်သင်ကျောင်း (၈)ကျောင်း၊ လယ်ဆင့်သင်ကျောင်း (၂၅) ကျောင်းနှင့်မူဆွင့်သင်ကျောင်း (၅၈)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၉၁) ကျောင်းရှိသည့်အနက် သင်ကြားရေးဆရာ အင်အားအနေဖြင့် ထက်ဆင့်သင်ဆရာ (၆၃)ဦး၊ လယ်ဆင့်သင် ဆရာ (၃၅)ဦး၊ မူလတန်းကျောင်းအုပ် (၄၁)ဦး၊ မူဆင့်သင် ဆရာ (၁၃၁)ဦး စုစုပေါင်း ခန့်ထားသည့် ဆရာ (၂၇၀) ဦးရှိပါကြောင်း၊ ယာယီတွဲဖက်ထားသော ဆရာ (၂)ဦးအပါအဝင် Language Teacher (LT) (၃၄) ဦး၊ Teaching Assistant (TA) (၁၀)ဦး၊ ရပ်ရွာခန့်စေတနာ့ဝန်ထမ်း (၄၅)ဦး စုစုပေါင်း (၉၅)ဦး တို့ဖြင့် ဖြည့်ဆည်းသင်ကြားပေးလျက်ရှိပါကြောင်း။

ကလေးများ၏ ပညာဆက်လက်သင်ယူနိုင်မှုအခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် ဆရာ မရှိသည့်ကျောင်း(၁၃) ကျောင်းတွင် ရပ်ရွာခန့်စေတနာ့ဝန်ထမ်း (၁၈)ဦးဖြင့် လည်းကောင်း၊ ဆရာ(၁)ဦး တည်းရှိသည့်ကျောင်း (၁၉) ကျောင်းတွင် ရပ်ရွာခန့်စေတနာ့ဝန်ထမ်း (၃၁)ဦးဖြင့် လည်းကောင်း သင်ကြားသင်ယူမှုလုပ်ငန်းများကို ကူညီဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လယ်ဆင့်သင်ဆရာလိုအပ်ချက်များအား ပညာရေးဒီဂရီကောလိပ် ပုံမှန်နေ့သင်တန်း စတုတ္ထနှစ်အောင်မြင်ပြီးသော သင်တန်းဆင်းများခန့်ထားချိန်တွင်လည်း ကောင်း၊ မူဆင့်သင် ဆရာလိုအပ်ချက်အား ပညာရေးဒီဂရီကောလိပ်များမှ ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာ Dip.EP သင်တန်းဆင်းများ ခန့်ထားချိန်တွင်လည်းကောင်း ဦးစားပေးဖြည့်ဆည်းခန့်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ခန္တီးမြို့နယ်အတွင်း ဆရာ၊ ဆရာမ လိုအပ်လျက်ရှိသော ကျောင်းများအား ဖြည့်ဆည်း ခန့်ထားနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ယူခွင့်မထိခိုက်စေရေးကို အဓိကထား၍ လက်ရှိတွင် ရပ်ရွာခန့်စေတနာ့ဝန်ထမ်းများဖြင့် ဖြည့်ဆည်းသင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်း ဆရာ၊ ဆရာမများခန့်အပ်သည့်အချိန်တွင် ဒေသလိုအပ်ချက်ကိုအခြေခံ၍ ဦးစားပေးဖြည့်ဆည်းခန့်ထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **အရွယ်မရောက်သေးသူများ၏ Mobile Phone နှင့် Online Platform အသုံးပြုမှုအပေါ် ကန့်သတ်ထိန်းချုပ်ခြင်း၊ Parental control စနစ်များ တိုးမြှင့်ခြင်း၊ ကျောင်းများအတွင်း mobile phone အသုံးပြုမှု စည်းကမ်းသတ်မှတ်ခြင်းနှင့် digital safety ပညာပေး အစီအစဉ်များ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မြန်မာနိုင်ငံတွင် အရွယ်မရောက်သေးသူများ၏ Mobile Phone နှင့် Online Platform အသုံးပြုမှုအပေါ် အသက်အလိုက် ကန့်သတ်ထိန်းချုပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ဆက်သွယ်ရေးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေတို့တွင် ကလေးသူငယ်များ၏ ကိုယ်ရေးကိုယ်တာနှင့် လုံခြုံမှုကို အကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များပါရှိသော်လည်း မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများတွင် ကလေးသူငယ်များ မိုဘိုင်းဖုန်းသုံးစွဲမှုကို တိုက်ရိုက် ထိန်းချုပ်ကန့်သတ်သည့် ဥပဒေပြဋ္ဌာန်းချက် မရှိသေးပါကြောင်း၊ သို့သော်လည်း ဥပဒေရေးရာဝန်ကြီးဌာန၏ တည်ဆဲဥပဒေများတွင် ဥပဒေကြောင်းအရ အကာအကွယ်ပေးခြင်း၊ အရေးယူခြင်း ပြုနိုင်သည့် ဥပဒေများပြဋ္ဌာန်းထားပါကြောင်း။

Mobile Phone ကန့်သတ်ခြင်း၏ ရည်ရွယ်ချက်မှာ ကလေးငယ်များ ဖုန်းအလွန်အကျွံ သုံးစွဲခြင်းမှ ကာကွယ်ရန်၊ အတူမြင်အတတ်သင် မကောင်းသည့် အကျင့်စရိုက်များ ကူးစက်နိုင်ခြင်း၊ အတူယူမှားခြင်း၊ ကျောင်းသားအချင်းချင်း နိုင်ထက်စီးနင်းပြုမူခြင်း၊ စိတ်ဓာတ်ပျက်ပြားခြင်း စသည့် ဆိုးကျိုးများအား တားမြစ်ရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ မိဘ၊ ဆရာ၊ ပူးပေါင်း ကလေးပညာကောင်း ဆိုသည့် အတိုင်း သင်ကြားသင်ယူမှုဖြစ်စဉ်တွင် မိဘများ၏ပူးပေါင်းပါဝင်မှုသည် ကလေးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ပြောင်းလဲအောင်လုပ်ဆောင်ရာတွင် ထိရောက်စေခြင်းများကြောင့် အခြေခံပညာကျောင်းများတွင် မိဘဆရာအသင်းများကို စနစ်တကျဖွဲ့စည်းထားရှိပြီး မိဘများ ပူးပေါင်းပါဝင်လာစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ Mobile Phone နှင့် Online Platform များကို ပညာရေးအထောက်အကူပြုနည်းလမ်းများအဖြစ် အကျိုးရှိစွာ၊ လုံခြုံစိတ်ချစွာအသုံးပြုနိုင်ရေးအတွက် ကျောင်းစည်းကမ်းများချမှတ်ဆောင်ရွက်ခြင်း၊ မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်းအသိပညာပေးခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ Digital Safety အသိပညာပေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း၏ **မြဝတီမြို့ အမှတ် (၅)ရပ်ကွက် ပညာရေးဌာနပိုင်မြေပေါ်တွင် ပညာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကရင်ပြည်နယ်မြဝတီမြို့ ရှိပညာရေးဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခွင့် အတွက် သတ်မှတ်ခွင့်ပြုပေးထားသောမြေသည် ဒသမ ၁၄၄ ဧကပေါ်တွင် ဆောက်လုပ်ထားသည့် ဝန်ထမ်းအိမ်ရာ ပေ (၂၀ x ၂၀) (၂)ဆောင်၌ ပညာရေးဝန်ထမ်းမိသားစု (၄)စု နေထိုင်လျက်ရှိခြင်း၊ မြေအနေအထား အရ ထပ်မံဆောက်လုပ်ရန် မြေနေရာမရှိတော့ခြင်း၊ အဆိုပါ ဝန်ထမ်းအိမ်ရာမှာ သက်တမ်း (၁၆)နှစ်ခန့်ရှိပြီး လက်ရှိအခြေအနေတွင် အဆောက်အအုံ၏ သက်တမ်းကြာမြင့်လာ၍ ကြံခိုင်မှုမရှိခြင်းတို့ကြောင့် လုပ်ထုံးလုပ်နည်းများနှင့်အညီဖျက်သိမ်းပြီးမှသာ ပညာရေးဝန်ထမ်းအိမ်ရာအဖြစ် တည်ဆောက်ပေးနိုင်ရေး လျာထားဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

မြဝတီမြို့ရှိ ပညာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရေးကိစ္စနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိအခြေအနေ၊ မြေအနေအထားနှင့်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိ ဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ (၂)ဆောင်အားဖျက်သိမ်း၍ ပေ (၇၀ x ၃၀) RCC (၂)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို ဇူလိုင်လ ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

တတိယအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော် ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၇ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၄) ဦးဝင်းတင့်၏ **စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မြန်မာ့လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းရုံးအနေဖြင့် မိတာယူနစ်များထည့်သွင်းရာတွင် တစ်လသုံးယူနစ်အား လာရောက်ဖတ်ရှုခြင်းမရှိဘဲ ခန့်မှန်းယူနစ်များဖြင့် ငွေတောင်းခံခဲ့သည့်အတွက် မိတာယူနစ်ကောက်ခံမှု မှန်ကန်ခြင်းမရှိကြောင်း လျှပ်စစ်မိတာယူနစ်များအတိအကျဖြစ်စေရေး မိတာသုံးစွဲသူများ လက်ဝယ်အရောက်လာရောက်ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မိတာခပေးဆောင်ရာနေရာတွင်လည်း ငွေပေးချေးသည့်ကောင်တာများ ထပ်မံတိုးချဲ့၍ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ဝန်ကြီးဌာနအနေဖြင့် ယခင်က မိတာဖတ်ရှုနိုင်ခြင်းမရှိခဲ့သည့် မိတာများအတွက် မိတာဖတ်ချက်အမှန်ရရှိရေး နယ်မြေလုံခြုံရေးရရှိနိုင်မှုအပေါ် မူတည်၍ ဌာနမှဝန်ထမ်းများက မိတာဖတ်ရှုခြင်း၊ ဓာတ်အားခတောင်းခံလွှာပေးဝေခြင်း၊ ရပ်မိရပ်ဖများ၏ အကူအညီဖြင့် ဓာတ်အားခတောင်းခံလွှာပေးဝေခြင်း၊ ဓာတ်အားခပေးဆောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိတာယူနစ်ဖတ်ချက်အမှန်နှင့် ဓာတ်အားခတောင်းခံငွေကိုက်ညီစေရေးဌာနမှကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယူနစ်ကြွေးကျန်ဖြစ်ပေါ်လျက်ရှိသော မိတာများအား တစ်ကြိမ်တည်း များပြားစွာ ပေးဆောင်ရခြင်းမရှိစေရန် အတွက် အကြိမ်ရေခွဲ၍ ပေးဆောင်နိုင်ရေးဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် မိတာခငွေပေးသွင်းသည့် ကောင်တာများ ထပ်မံတိုးချဲ့၍ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ယခင်က လျှပ်စစ်ဓာတ်အားသုံးစွဲခငွေကောက်ခံသည့်ကောင်တာနှစ်ခုရှိခဲ့ပြီး ၅-၆-၂၀၂၆ ရက်မှစတင်၍ ကောင်တာတစ်ခု ထပ်မံတိုးချဲ့၍ စုစုပေါင်းကောင်တာသုံးခုဖြင့် နေ့စဉ် (ပိတ်ရက်မရှိ) ဖွင့်လှစ်ထားရှိပြီး ဓာတ်အားခများ ကောက်ခံပေးလျက်ရှိသကဲ့သို့ တရားဝင်မှတ်ပုံတင်ထားသော မိုဘိုင်းငွေကြေးအဖွဲ့အစည်းများဖြစ်သည့် KBZ Pay၊ UAB Pay၊ CB Pay၊ OK$ Pay များဖြင့် ၁၃-၆-၂၀၂၅ ရက်မှစ၍ ဓာတ်အားခများပေးဆောင်နိုင်ပြီဖြစ်ပြီး ပေးဆောင်ရမည့်နည်းလမ်းများအား အများပြည်သူသိရှိစေရန် လူမှုကွန်ရက်များမှတစ်ဆင့် အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါကြောင်း။

ဓာတ်အားသုံးစွဲမှုများသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ပုဂ္ဂလိကဘဏ်များရှိ ၎င်းတို့၏ဘဏ်ငွေစာရင်းမှ စစ်ကိုင်းမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားရှိသော လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ ဘဏ်စာရင်းသို့ (Account Transfer/ CBM NET) ဖြင့် လွှဲပြောင်းပေးဆောင်ခြင်း၊ Online Payment စနစ် ပေးဆောင်ခြင်းတို့ဖြင့် ပေးဆောင်နိုင်ရန်လည်း စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၌ အများပြည်သူများအား ရေဖြန့်ဝေပေးရာတွင် လျှပ်စစ်မီးအသုံးပြုနေရပြီး လျှပ်စစ်မီတာခသည် ၁ ယူနစ်လျှင် ၅၀၀ ကျပ်ဖြစ်သွားသည့်အတွက် ရေဖြန့်ဝေမှုမှ ရသည့် ဝင်ငွေနှင့် လျှပ်စစ်မီတာခမမျှတဘဲ လစဉ်လိုငွေပြေနေသဖြင့် လျှပ်စစ်မီးနှင့် ဆိုလာစနစ် တွဲဖက်အသုံးပြုနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ် စိုက်ထုတ်ကျခံသုံးစွဲရမှုကို လျှော့ချနိုင်ရန် ကုန်ကျစရိတ်များအား ကာမိသော လျှပ်စစ်ဓာတ်အားခနှုန်းထားများ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက်မှစတင်၍ ပြင်ဆင်သတ်မှတ်ခဲ့ရာ အိမ်သုံးမဟုတ်သည့် အမျိုးအစားများ (စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံးဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံးဌာန/ လုပ်ငန်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ) အတွက် အလွှာသုံးလွှာဖြင့် မီတာယူနစ် (၁ မှ ၅၀၀၀ ယူနစ်ထိ)ကို တစ်ယူနစ်လျှင် ငွေကျပ် ၂၅၀ နှုန်း၊ (၅၀၀၁ မှ ၂၀၀၀၀ ယူနစ်ထိ) အား တစ်ယူနစ်လျှင် ငွေကျပ် ၄၀၀ နှုန်း၊ ၂၀၀၀၁ ယူနစ်နှင့်အထက်အား တစ်ယူနစ်လျှင် ငွေကျပ် ၅၀၀ နှုန်း ဓာတ်အားခ ကောက်ခံလျက်ရှိပါကြောင်း။

သို့ပါ၍ ဆိုလာစနစ်ဖြင့် ရေပေးဝေခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် ကျောက်တန်းရေစက်ရုံရှိ (နမ္မဒါရေတွန်းစက်)တွင် ၈၅ ကီလိုဝပ်ဆိုလာစနစ် တပ်ဆင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၅၁၀ သန်းအား ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင်လည်း ကောင်း၊ ကျောက်တန်းရေစက်ရုံရှိ (လိပ်တောင်ရေတွန်းစက်)တွင်၈၅ ကီလိုဝပ် ဆိုလာစနစ်တပ်ဆင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၅၁၀ သန်းအား ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ ကျောက်တန်းရေစက်ရုံရှိ (အောင်မြေရေတွန်းစက်)တွင် ၅၆ ကီလိုဝပ်ဆိုလာစနစ် တပ်ဆင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၃၁၀ သန်းအား ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင်လည်းကောင်း သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ မင်းဘူးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဦးစားပေးအစီအစဉ်ဖြင့် လျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေပုဒ်မ ၁၁ ၏ နောက်တွင် အသစ်ဖြည့်စွက်မည့် ပုဒ်မ ၁၁-က ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) (၂) တို့ကို ဆွေးနွေးမည်ဖြစ်ပါကြောင်းပုဒ်မ ၁၁-က ပုဒ်မခွဲ(က) အနေဖြင့် အကယ်၍ ကိုယ်စားလှယ်သည် ဥပဒေချိုးဖောက်ခြင်းမရှိဘဲ ပါတီပျက်သွားသည်ဆိုသော အကြောင်းတစ်ခုတည်း ကြောင့် ကိုယ်စားလှယ်အဖြစ်မှ ဆုံးရှုံးရပါက ရွေးကောက်ခံပိုင်ခွင့်ကို ဥပဒေအောက်တွင် အလွန်အကျွံ ကန့်သတ်ထားခြင်းဖြစ်နိုင်ပါကြောင်း၊ မဲပေးသူ၏ ဆန္ဒကိုသွယ်ဝိုက်၍ ပယ်ဖျက်လိုက်သကဲ့သို့ဖြစ်သည့်အပြင် အပြစ်မရှိသူအပေါ် အကျိုးဆက်ကျရောက်စေပါကြောင်း၊ ပါတီ၏လိုအပ်ချက်နှင့် ကိုယ်စားလှယ်၏ အခွင့်အရေးကို တစ်ပေါင်းတည်း ချိတ်ဆက်ထားခြင်းဖြစ်ပြီး အချိုးကျနိယာမ (Proportionality Principle) နှင့် မညီနိုင်ဟု ငြင်းခုံနိုင်ပါကြောင်း၊ ဖွဲ့စည်းပုံဆိုင်ရာ ဥပဒေသဘောတရားများအရ ဥပဒေကြမ်းသည် လိုအပ်မှု၊ သင့်လျော်မှု၊ အချိုးကျမှုတို့နှင့် ဖြည့်ဆည်းသင့်ပြီး ပါတီမှတ်ပုံတင် ပယ်ဖျက်ခံရသည်နှင့် ကိုယ်စားလှယ်၏ ရွေးကောက်ခံအဖြစ်ကို အလိုအလျောက်ပျက်ပြယ်စေခြင်းသည်ဖွဲ့စည်းပုံနှင့်ကိုက်ညီမှုမရှိ၍ ဥပဒေကြမ်းကို ပြန်လည်သုံးသပ်ပေးစေလိုပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၈(ခ)အရ ပြောရလျှင် အသစ်ဖြည့်စွက်သည့် ပုဒ်မ ၁၁-က ပုဒ်မခွဲ (ခ) (၂) ဥပဒေကြမ်းပါ အဆိုပြုချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ကာ လုပ်ဆောင်ခြင်းဖြစ်သည်ဟု ယူဆပါကြောင်း၊ ဒီမိုကရေစီနှင့်ကိုယ်စားပြုမှုရှုထောင့်အရကြည့်ပါက ပါတီတစ်ခုဖျက်သိမ်းခံရသည်နှင့် PR လွှတ်တော်ကိုယ်စားလှယ်၏ ရွေးကောက်တင်မြှောက်ခံရမှုအလိုအလျောက် ပျက်ပြယ်စေခြင်းသည် အငြင်းပွားဖွယ်ရာရှိပြီး ကိုယ်စားလှယ်တိုင် ဥပဒေချိုးဖောက်မထားပါက တရားမျှတမှုမရှိပါဟု ဥပဒေကြမ်းပါ အချက်များကို တင်ပြလိုပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်းက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းပါ ပုဒ်မ ၁၁-က၊ ပုဒ်မခွဲ (ခ) အပိုဒ်ခွဲ (၁)နှင့် (၂)တို့သည် နိုင်ငံရေးပါတီတစ်ခုဖျက်သိမ်းခံရပါက သို့မဟုတ် မှတ်ပုံတင်ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်များ၏ ရပ်တည်ခွင့်နှင့် ရွေးကောက်ခံပိုင်ခွင့်အခြေအနေကို ပြဋ္ဌာန်းခြင်းဖြစ်ပါကြောင်း၊ လက်ရှိဥပဒေကြမ်းပါပုဒ်မများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေအမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပြင်ဆင်ချက်များ၏ကွဲလွဲချက်များနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက တိုင်းရင်းသားလူမျိုးများ၏ ရပ်တည်ခွင့်အခွင့်အရေးကို ဦးတည်၍ ဆွေးနွေးတင်ပြလိုပါကြောင်း။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းတွင် ပါရှိသည့်ပုဒ်မများသည် နိုင်ငံရေးပါတီအဖွဲ့အစည်းကိုသာလျှင် ရည်ညွှန်းသင့်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ရပ်တည်ပိုင်ခွင့်ကို ပျက်ပြယ်သည်ဟု မှတ်ယူခြင်းများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)ပုဒ်မ(၃၈)(ခ) အခန်း(၉)ပုဒ်မ ၃၉၀ တွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွင်လည်း ပြဋ္ဌာန်းထားပြီးဖြစ်၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်များ ရပ်တည်ပိုင်ခွင့်ကို ရုပ်သိမ်းခြင်းသည် တိုင်းရင်းသားပါတီငယ်များ၏အခွင့်အရေးနှင့် မဲဆန္ဒရှင်များ၏ ထောက်ခံမှုဖြင့်ဆင်းသက်လာသည့် ဥပဒေပြုရေးအာဏာကွဲလွဲလျက်ရှိနေသဖြင့် သတ္တမအကြိမ်မြောက်ပြင်ဆင်ရန် ပေးပို့လာသည့် ဥပဒေကြမ်း ပုဒ်မ ၁၁- (က) ပုဒ်မခွဲ(က) ပုဒ်မခွဲ(ခ) အပိုဒ်ခွဲ ၁ နှင့် ၂ သည် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရန်မသင့်ပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦးက မူလဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းခဲ့သည့် အစီရင်ခံစာပါမူလဥပဒေအတိုင်း ဆက်လက်ထားရှိရန်ပြင်ဆင်ချက်ကို ထောက်ခံလိုပါကြောင်း၊ မူလဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) နောက်တွင် ပုဒ်မခွဲငယ် (ဃ) အဖြစ်၊ ရွေးကောက်ပွဲဝင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မိမိပါဝင်အရွေးခံမည့် မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲမဝင်မီ အနည်းဆုံး (၁)နှစ်မျှ တစ်ဆက်စပ်တည်း နေထိုင်လာသူဖြစ်ရမည်ဟူသော ပြဋ္ဌာန်းချက်အသစ် တစ်ရပ်ကို ထပ်မံဖြည့်စွက်ပြဋ္ဌာန်းပေးပါရန် အကြံပြုတင်ပြလိုပါကြောင်း၊ ရွေးကောက်ပွဲဝင်မည့်ပြည်သူ့ကိုယ်စားလှယ်လောင်းများ အနေနှင့် မိမိတို့အရွေးခံမည့် မဲဆန္ဒနယ်မြေများမှ မဲဆန္ဒရှင်ပြည်သူများနှင့် ပိုမိုအကျွမ်းဝင်ထိတွေ့ပြီး ပြည်သူ့ကိုယ်စားပြုမှုနှင့် ဒီမိုကရေစီရွေးကောက်ပွဲစနစ် ပိုမိုရှင်သန်အားကောင်းလာစေရန် အကြံပြုတင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးစောသွင်က ဘွဲ့မရသော်လည်း လူမှုအသိုက်အဝန်းနှင့် နီးကပ်စွာမှီတင်းနေထိုင်ပြီး ရိုးသားဖြောင့်မတ်မှုနှင့် အဂတိကင်းရှင်းမှုတို့ကြောင့် လူထု၏လေးစားကြည်ညိုမှုရရှိထားသူများ၏ အဆုံးအဖြတ်ဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုများ များစွာရှိခဲ့ပါသောကြောင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပုဒ်မ(၈)၊ (ဂ) "အခြေခံပညာအထက်တန်းအဆင့်ပြီးမြောက်သူ"သည် သင့်လျော်မှုနှင့်ကန်ပါကြောင်း၊ မွေးဖွားစဉ်က မိဘနှစ်ပါးသည်နိုင်ငံသားဖြစ်ရမည်ဆိုသည့်အဆိုသည် များစွာသင့်မြတ်လှပါကြောင်း၊ မိမိနိုင်ငံကို မိမိကသာလျှင်ချစ်ရပါမည်။ ထို့ကြောင့် (ပုဒ်မ ၈၊ ခ) "နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသားဖြစ်သူ"သည် ဥပဒေကို ထိထိရောက်ရောက်ဆောင်ရွက်ရန် လိုအပ်သည်ဟုယူဆပါကြောင်း။

ပုဒ်မ (၈) (က) တွင် ပုဒ်မခွဲငယ် (၄) အဖြစ် "လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ကိုယ်စားလှယ်၏ မဲဆန္ဒနယ်တွင် အနည်းဆုံး(၅)နှစ်သို့မဟုတ် (၃)နှစ် အခြေချနေထိုင်ခဲ့သူ"ဟူ၍ ထပ်မံထည့်လိုပါကြောင်းဆွေးနွေးသည်။

စာမျက်နှာ ၉ သို့ →

➔ စာမျက်နှာ ၈ မှအဆက်

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ခွန်စောလွင်က အဆိုပြု ဥပဒေကြမ်းပါ အပိုဒ် ၂ အစားထိုးပြင်ဆင်လိုသည့် ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)သည် အရည်အချင်းပြည့်ဝသော၊ ပညာအရည်အချင်းမြင့်မားသော ကိုယ်စားလှယ်များဖြစ်ရန် နိုင်ငံတော်၏အနာဂတ်ကာလ အတွက်မြော်တွေးပြီး အဆိုပြုခြင်းဖြစ်သည်ကိုနားလည်ပါကြောင်း၊ အနာဂတ်ကာလ အတွက် မြော်တွေးမည်ဆိုပါက ကောင်းမွန်သည့်အဆိုပြုပြင်ဆင်ချက်ဖြစ်၍ ထောက်ခံအားပေးရမည့်အဆိုပြုချက်ဖြစ်ပါကြောင်း၊ သို့ရာတွင် လက်ရှိအချိန်ထိ အရေးပေါ်အခြေအနေအောက် ကျရောက်နေသေးသည့် မြို့နယ်များရှိနေဆဲကာလဖြစ်ပါသောကြောင့် ယခုအဆိုပြု ဥပဒေကြမ်းပါ လွှတ်တော်ကိုယ်စားလှယ်များ အရည်အချင်းသတ်မှတ်ချက်သည် လက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် မူလဥပဒေပါအတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်သည် သင့်လျော်မှန်ကန်ပါကြောင်း။

အဆိုပြုဥပဒေကြမ်းပါ အပိုဒ် ၆၊ မူလဥပဒေပါ ပုဒ်မ ၃၀-က သည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များကို ကော်မရှင်မှသတ်မှတ်ထားသော နည်းလမ်းများဖြင့် မဲဆွယ်စည်းရုံးနိုင်ခွင့်ပေးအပ်ထားပါကြောင်း၊ အဆိုပြုဥပဒေကြမ်းပါ နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးခွင့်ကို ပါတီဗဟိုအလုပ်အမှုဆောင်ကိုသာပြင်ဆင်ကန့်သတ်လိုက်ပါက ပါတီစုံဒီမိုကရေစီစနစ်တွင် ပါတီတိုင်းအတွက် တန်းတူယှဉ်ပြိုင်မှု၊ စည်းရုံးနိုင်မှုကို ထိခိုက်စေနိုင်ပါကြောင်း၊ သို့ပါ၍ ပါတီစုံဒီမိုကရေစီရှင်သန်အားကောင်းလာစေရန် လူထုထောက်ခံမှုရရှိနိုင်ရန် ဒီမိုကရေစီ၏ဇာတ်ရိုးနှင့်အမြင့်ဆုံးဖြစ်သော ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလတွင် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က ခြွေဆင်းပါ နိုင်ငံရေးပါတီများဆိုသည့်စကားရပ်ကို နိုင်ငံရေးပါတီများမှ ပါတီဝင်များဆိုသည့်စကားရပ်ဖြင့် တိကျသော ရည်ညွှန်းမှုတစ်ရပ်အဖြစ်သာ အစားထိုးပြင်ဆင်သင့်ပါကြောင်းနှင့်နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များအဖြစ် ဘောင်ခတ်ကန့်သတ်ရန်မသင့်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁)နော်ယုဇနဝါက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေမှ ပုဒ်မ ၁၁(က)၏ ရွေးကောက်ပွဲကော်မရှင်၏ ပြင်ဆင်ချက်ကို ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကျော်လွန်နေသောဥပဒေကို ပြဋ္ဌာန်းလိုပါက ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂) အခြေခံဥပဒေပြင်ဆင်ခြင်းပုဒ်မ ၄၃၆(ခ)အရ ပုဒ်မ ၃၉၆ ပါ ပြဋ္ဌာန်းချက်များ ပြင်ဆင်ပြီးမှသာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ပြဋ္ဌာန်းမည့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ(၁၁) က ပုဒ်မခွဲငယ်(၂) အချိုးကျကိုယ်စားပြုမှုစနစ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟုမှတ်ယူရမည်ဟူသောပြဋ္ဌာန်းချက်ကို ပြဋ္ဌာန်းခွင့်ရှိပါကြောင်း၊ ထို့ကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြဋ္ဌာန်းထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၁(က) ပုဒ်မခွဲပြဋ္ဌာန်းချက်ကို ကန့်ကွက်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ လွှတ်တော်ကိုယ်စားလှယ်များအား တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပုဒ်မများကို ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း ပုဒ်မ ၄၃၆ (ခ) အရာပြင်ဆင်ပြီးမှသာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြဋ္ဌာန်းထားချက်များကို ပြဋ္ဌာန်းနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဒေါက်တာ ဗညားအောင်မိုးက ပုဒ်မ ၁၁ နောက်တွင် ဖြည့်စွက်သည့် ပုဒ်မ ၁၁-(က)တွင် ရွေးကောက်ခံရသည့်ကိုယ်စားလှယ်သည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုထားပြီးဖြစ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ အရသာ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ယင်းဖြည့်စွက်ချက်ကိုပယ်ဖျက်ရန်တင်ပြအပ်ပါကြောင်း။

ပုဒ်မ ၁၁-က။(ခ)တွင် လွှတ်တော်ကိုယ်စားလှယ်များသည် ပါတီမရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်တာဝန်ထမ်းဆောင်နိုင်ရန် အရေးကြီးပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်မှ ရုပ်သိမ်းလိုလျှင် အခြေခံဥပဒေပုဒ်မ ၃၉၆ အရသာ ဆောင်ရွက်သင့်ပါသောကြောင့် ဤဖြည့်စွက်ချက်ကိုပယ်ဖျက်ရန် တင်ပြအပ်ပါကြောင်း၊ ၁၁-က။(ခ) (၂)တွင် အချိုးကျကိုယ်စားပြုစနစ်ဖြင့်တက်လာသော လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူတို့၏ တိုက်ရိုက်မဲဆန္ဒဖြင့် တက်သည်ဖြစ်၍ ကိုယ်စားပြုပါတီ အဖျက်သိမ်းခံရလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ အလိုအလျောက်ပျယ်ပြယ်မှု လုံးဝမဖြစ်သင့်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၃၉၆ အရသာလျှင် ဆောင်ရွက်နိုင်သည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၁၁-က။ (ခ)(၂)ဖြည့်စွက်ချက်ကို ပယ်ဖျက်ရန် တင်ပြအပ်ပါကြောင်း။

ပုဒ်မ ၃၀ က မှ အဆိုပြုပြဋ္ဌာန်းချက်မှာ နိုင်ငံရေးပါတီများဆိုသည့် စကားရပ်ကို “နိုင်ငံရေးပါတီများမှဗဟိုအလုပ်အမှုဆောင်များ”ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဟုပါရှိသော်လည်း ပြဋ္ဌာန်းချက်ကို မယူဘဲ မူလဥပဒေအတိုင်းသာထားရှိရန် လိုအပ်ပါကြောင်း၊ ပုဒ်မ ၈၈-ခ။ ၏ အဆိုပြုပြဋ္ဌာန်းချက်တွင်လည်း လွှတ်တော်ကိုယ်စားလှယ်သတ်မှတ်ပြီးလျှင် မဲဆန္ဒရလဒ်ကိုပယ်ဖျက်လျှင် လွှတ်တော်ကိုယ်စားလှယ်ကို မထိခိုက်နိုင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အပေါ် သက်ရောက်မှုသည် အခြေခံဥပဒေပုဒ်မ ၃၉၆ အရသာလျှင် ဖြေရှင်းရမည်ဖြစ်၍ ဤဖြည့်စွက်ချက်ကိုပယ်ဖျက်ရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ခွန်ထိုင်းက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအပိုဒ်(၂) ပုဒ်မ ၈ ပုဒ်မ(ဂ)သည် လက်ရှိအခြေအနေနှင့်ကိုက်ညီမှုမရှိသည့်အတွက် မူလဥပဒေအတိုင်း ပြန်လည်ထားရှိခြင်းကို ထောက်ခံဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ပညာအရည်အချင်းမြှင့်တင်လိုသည့် ရည်ရွယ်ချက်ကိုလေးစားသော်လည်း ပြည်သူ၏ရွေးချယ်ပိုင်ခွင့်နှင့်မကွဲပြားသော နိုင်ငံရေးပါဝင်မှုကို ဟန်ချက်ညီစွာ ထိန်းသိမ်းနိုင်ရန် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် “မူလဥပဒေအတိုင်း” ဆက်လက်ထားရှိသင့်ပါကြောင်း။

အပိုဒ်(၆) ပုဒ်မ ၃၀-က ပါ အဆိုပြုပြဋ္ဌာန်းချက်အရ ကော်မရှင်က သတ်မှတ်ထားသည့်အတိုင်း မဲဆွယ်စည်းရုံးနိုင်သည့် ပုဂ္ဂိုလ်များသည် “နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ” ဖြစ်သည်ဟု မူလဥပဒေပါ “နိုင်ငံရေးပါတီများ”အစား “နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ”ဟူ၍ ပိုမိုတင်းကျပ်အဆိုပြုပြဋ္ဌာန်းလာသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၃၀-ကနှင့် စပ်လျဉ်း၍ မဲဆွယ်စည်းရုံးခွင့်ရှိသူကို နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များဟူသည့် အဆိုပြုပြဋ္ဌာန်းချက်စကားရပ်အစား နိုင်ငံရေးပါတီများမှ “ပါတီဝင်များ” ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်မှုပြုပေးပါရန်တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဒေါက်တာ ဗညားအောင်မိုးက တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပြင်ဆင်ချက်တွင် ပုဒ်မ ၈ ပုဒ်မခွဲ(ဂ)ကို နိုင်ငံတော်အသိအမှတ်ပြုသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တစ်ခုခုမှဘွဲ့ရပြီးသူ လွှတ်တော်ကိုယ်စားလှယ်ဝင်ရောက်အရွေးခံခြင်းသည် အလုပ်အကိုင်အတွက် လျော့ကျောက်ကြားသည်မဟုတ်၍ ဘွဲ့လက်မှတ်ရှိရန် အရေးမကြီးပါကြောင်း၊ ထို့ကြောင့် ယင်းပြင်ဆင်ချက်ကို ပယ်ဖျက်၍ မူလအတိုင်းသာ ထားရှိသင့်ပါကြောင်း၊ ပုဒ်မ ၁၁။(ဃ)ပုဒ်မ ၄။ ပုဒ်မခွဲ(ခ) အရ ပါတီကိုသာ မဲထည့်သည့်စနစ်မျိုးမဟုတ်ဘဲ မိမိတို့နိုင်ငံ၏ PR ဖြင့်တက်လာသောအမတ်တစ်ဦးသည် ပါတီကထုတ်ပယ်ခံရသည်ဖြစ်စေ၊ ပါတီကထွက်သည်ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်နေရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၁၁။ (ဃ) ပြင်ဆင်ချက်ကို ပယ်ဖျက်သင့်ပါကြောင်း။

ပုဒ်မ ၁၁-က တွင်လည်း လွှတ်တော်ကိုယ်စားလှယ်ဖြစ်၍ အခြေခံဥပဒေပုဒ်မ ၃၉၆ အရသာလျှင် ဖြေရှင်းရမည်ဖြစ်၍ ထိုပြင်ဆင်ချက်ကို ပယ်ဖျက်ပေးသင့်ပါကြောင်း၊ ပုဒ်မ ၁၁-က။။(ခ)(၂)တွင် လက်ရှိ PR ကိုယ်စားလှယ်သည် FPTP ၏မဲဖြင့် ရွေးချယ်ခံရ၍ FPTP အမတ်များကဲ့သို့ ပုဒ်မ ၁၁-က။(ခ)(၁)တွင်ကဲ့သို့ ဆောင်ရွက်နိုင်ရန်ဟု ပုဒ်မ ၁၁-က။။(၂)ကို ပြင်ဆင်ရေးသားသင့်ပါကြောင်း၊ ပုဒ်မ ၃၀ (က)၏ ခြွေဆင်းတွင် နိုင်ငံရေးပါတီ၏ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်ပေါင်းနှင့် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်များသာ ဟောပြောမဲဆွယ်ခွင့်ရှိလျှင် အရည်အချင်းရှိပါတီဝင်များ၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်တို့မှ အရည်အချင်းရှိသူပါတီဝင်များ၊ မြို့မိမြို့ဖရပ်မိရပ်ဖများကို ပါဝင်ခွင့်မပြုပိတ်ပင်ခြင်းသည် ဒီမိုကရေစီနည်းကျစည်းရုံးရေးနှင့် လူ့အခွင့်အရေး၊ ပြည်သူ့အခွင့်အရေးကို ကန့်သတ်ရာကျပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၃၀ က။ ပြင်ဆင်ချက်ကိုပယ်ဖျက်ပြီး မူလအတိုင်းသာ ထားရှိသင့်ပါကြောင်း။

ပုဒ်မ ၈၈ -ခ ပြင်ဆင်ချက်မှာ လွှတ်တော်ကိုယ်စားလှယ်ကိုနုတ်ပယ်ရန် အခြေခံဥပဒေပုဒ်မ ၃၉၆ အရသာဆောင်ရွက်နိုင်ပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၈၈ (ခ) ပုဒ်မခွဲ(က)တွင် ပြင်ဆင်ထားသည့်ပြင်ဆင်ချက်ကိုပယ်ဖျက်ပါရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်းက ဥပဒေကြမ်းပါ ပုဒ်မ ၁၁-က၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၁၁-က ပုဒ်မခွဲ(ခ)တွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို ပါတီဖျက်သိမ်းခံရလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ အလိုအလျောက်ပျက်ပြယ်သည်ဟုမှတ်ယူခြင်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ(၄)အရ ပြည်သူများထံက ဆင်းသက်လာသည့် ဥပဒေပြုရေးအာဏာရရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်ကို အလိုအလျောက်ဖျက်ပြယ်သည်ဟု မှတ်ယူခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်လျက်နေပါကြောင်း။

တိုင်းနှင့် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲဥပဒေ သတ္တမအကြိမ်မြှောက်ပြင်ဆင်ရန်ပေးပို့လာသည့် ပုဒ်မ ၈၈-ခ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၈၈-ခ ပုဒ်မခွဲ(ခ)အဆိုပြု ပုဒ်မတွင်ပါရှိသည့် မိမိဆန္ဒအလျောက်ဖျက်သိမ်းလျှင်ဖြစ်စေ စကားရပ်သည် နိုင်ငံရေးပါတီများကို တစ်ဦးတစ်ယောက်တည်းသဘောဆန္ဒဖြင့် ဖျက်သိမ်းစေနိုင်သည်ဟု ထင်မြင်ယူဆစရာဖြစ်နေပါကြောင်း၊ ထိုစကားရပ်အစား ယင်းပါတီအဖွဲ့အစည်းမှ ဗဟိုအလုပ်အမှုဆောင်များ၏သဘောတူညီမှု၊ လွှတ်တော်ကိုယ်စားလှယ်များရှိထားပါက ထိုလွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောတူညီမှုဖြင့် ဖျက်သိမ်းလျှင်ဖြစ်စေ စကားရပ်များဖြင့် ပြင်ဆင်ထည့်သွင်းသင့်ပါကြောင်း။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ဖျက်သိမ်း/ပယ်ဖျက်ခြင်းများကြောင့် လွှတ်တော်ကိုယ်စားလှယ်များရပ်တည်ခွင့်၊ ဆန္ဒမဲများပယ်ဖျက်ခြင်းတို့သည် လူမျိုးစုအခြေပြုဖွဲ့စည်းထားသည့် တိုင်းရင်းသားများ၏ ပြည်ထောင်စုအတွင်းပါဝင်နိုင်မှုကို လျော့ကျသွားစေနိုင်သဖြင့် အဆိုပါဥပဒေပုဒ်မ ဥပဒေကြမ်းပါ ပုဒ်မ ၁၁-က၊ ပုဒ်မခွဲ(က) ပုဒ်မခွဲ(ခ)၊ အပိုဒ်ခွဲ(၁)နှင့်(၂)၊ နည်းဥပဒေ ၈၈-(ခ)ပုဒ်မ(က)နှင့် (ခ)တို့တွင်ဖြည့်စွက်ရန် မသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဇရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးမျိုးသန့်၏ **လယ်ယာမြေနည်းဥပဒေ ၂၀၁၂ အဓိန့်ကြော်ငြာစာ အမှတ် ၂/၂၀၁၂ ၏ အခန်း ၁၂ ပါ ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၄၊ ၁၀၆ ၏ ပုဒ်မခွဲ (က)(ခ)(စ)နှင့် ပုဒ်မ ၁၁၂ ၏ ပုဒ်မခွဲ(က)တို့အား ပြင်ဆင်ပေးရန်** ပြည်ထောင်စုအစိုးရတိုက်တွန်းကြောင်းအဆိုကိုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်လှထွေးက ရှေးယခင်မြေတိုင်းတာစနစ်များသည် တိကျသောတည်နေရာအမှတ်အသားမရှိခြင်း၊ နယ်ခြားစည်းမျဉ်းများတစ်လျှောက် ခိုင်မာတိကျသည့် အတိုင်းအတာအမှတ်အသားများမရှိခြင်းများရှိခဲ့ပါကြောင်း၊ ထိုစနစ်အရ နယ်ချဲ့ကပ်လျက် **စာမျက်နှာ ၁၀ သို့➔**

➜ စာမျက်နှာ ၉ မှအဆက်

နယ်မြေများ အငြင်းပွားမှုများဖြစ်နေရခြင်း ဖြစ်ပါကြောင်း၊ ယခုခေတ်တွင် ခေတ်မီတိုင်းထွာနည်းစနစ်များရှိသဖြင့် တိကျသေချာသော Google Point များဖြင့်တိုင်းထွာ၍ မြေပြင်အကွက်ချပုံစံ၊ ကောင်းကင်ဓာတ်ပုံအကွက်ချပုံစံ၊ UTM မြေပုံများဖြင့် တိုင်းထွာသတ်မှတ်ပေးထားပြီး မိမိနယ်မြေမိမိထိန်းသိမ်းစေခြင်း၊ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်စေခြင်းများဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ဥပဒေ၏အားနည်းချက်များ မပေါ်ပေါက်စေရန်နှင့်မလိုအပ်သော နောက်ဆက်တွဲပြဿနာများ မဖြစ်ပေါ်စေရန် တိကျသေချာသော နယ်ခြား၊ နယ်နိမိတ်များဖြင့် တည်နေရာတိုင်းထွာသတ်မှတ်ပေးခြင်းအားဖြင့် နယ်မြေဧရိယာအငြင်းပွားမှုပြဿနာများမရှိနိုင် တော့မည်ဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဦးဟိန်းမင်းဦးက မြန်မာ့စိုက်ပျိုးရေးကဏ္ဍတိုးတက်မှသာ နိုင်ငံစီးပွားရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ၏စီးပွားဖွံ့ဖြိုးတိုးတက်၍ ပိုမိုဖြစ်ထွန်းလာစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏လူဦးရေအများစုသည် စိုက်ပျိုးရေးကိုအခြေခံ၍ အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်ပါကြောင်း၊ သို့ပါ၍ အဆိုရှင်၏အဆိုသည် မြေနကျွန်းမြေဖြစ်ထွန်းလေ့ရှိသည့် မြစ်ဝကျွန်းပေါ်ဒေသများရှိ ကိုင်းတောင်သူများအကျိုးကိုရည်ရွယ်၍ လယ်ယာမြေနည်းဥပဒေအခန်း (၁၂)ပါ ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၄၊ ပုဒ်မ ၁၀၆ ၏ ပုဒ်မခွဲ (က) (ခ) (စ) နှင့် ပုဒ်မ ၁၁၂ ၏ ပုဒ်မခွဲ(က)တို့အား ပြင်ဆင်ပြဋ္ဌာန်းခြင်းဖြစ်သဖြင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးရဲထွဋ်အောင်က နည်းဥပဒေ(၁၀၃)ပါ မူလပြဋ္ဌာန်းချက်အစား ပြဋ္ဌာန်းချက်အသစ်ကြောင့် ရေကျပြီးနောက် ပြန်ပေါ်လာချိန်တွင်တည်နေရာ၊ ပုံသဏ္ဌာန်ပြောင်းလဲဖြစ်ပေါ်လာသော ကျွန်းနုမြေသစ်ကိုသာ လုပ်ကိုင်ခွင့်ချထားပေးခြင်းဖြင့် လုပ်ပိုင်ခွင့်ရသူအငြင်းပွားမှုပြဿနာများလျော့ကျနိုင်ခြင်း၊ နည်းဥပဒေ(၁၀၄)ပါ မူလပြဋ္ဌာန်းချက်အစား ပြင်ဆင်ပြဋ္ဌာန်းလိုက်ခြင်းကြောင့် မူလလုပ်ကိုင်ခွင့်ရသူအခွင့်အရေးကို မထိခိုက်မနစ်နာစေဘဲ၊ ကျွန်းမြေသစ်လုပ်ပိုင်ခွင့်ရရှိသူအားလည်း ပိုင်ရှင်အငြင်းပွားမှုမရှိစေဘဲ လုပ်ကိုင်ခွင့်ရရှိခြင်းနှင့် နည်းဥပဒေ(၁၀၆) နည်းဥပဒေခွဲ(က)ပါ မူလပြဋ္ဌာန်းချက်အစား ပြင်ဆင်ပြဋ္ဌာန်းလိုက်ခြင်းကြောင့် မူလလုပ်ကိုင်သူအခွင့်အရေးအားမထိခိုက်သလို စီမံခန့်ခွဲမှုကော်မတီ၏လုပ်ငန်းစဉ်များကိုလည်းရှင်းလင်းစေခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါကြောင်း။

ထို့ပြင် နည်းဥပဒေ(၁၀၆) နည်းဥပဒေခွဲ(ခ)ပါ မူလပြဋ္ဌာန်းချက်အစား ပြင်ဆင်ပြဋ္ဌာန်းချက်ကြောင့် ဥပဒေလက်တစ်လုံးခြားပြုလုပ်ကာ အမှန်တကယ် လယ်မဲ့ယာမဲ့များ သူရင်းငှားများ ချန်လှပ်ခံရမှုမရှိစေခြင်း၊ နည်းဥပဒေ(၁၀၆)နည်းဥပဒေခွဲ(စ)ပါ မူလပြဋ္ဌာန်းချက်အစား ပြင်ဆင်ပြဋ္ဌာန်းချက်အရ ကျွန်းနုမြေသစ်များ၏ လုပ်ပိုင်ခွင့်ရွှေ့ချယ်ရာတွင် အကျိုးဝင်သူအားလုံးပါဝင်နိုင်ပြီး ပိုင်ရှင်အငြင်းပွားမှုမရှိဘဲ လုပ်ကိုင်နိုင်ခြင်းနှင့် နည်းဥပဒေ(၁၁၂) နည်းဥပဒေခွဲ(က) ပါ မူလပြဋ္ဌာန်းချက်အစား မြေခွန်ကိုသာထမ်းဆောင်ရမည်ဟူသော ပြဋ္ဌာန်းချက်သည် စီမံခန့်ခွဲမှုကော်မတီ၏လုပ်ငန်းစဉ်များကို ရှုပ်ထွေးမှုမရှိစေခြင်းစသည့် အချက်များသည် မြေယာမရှိသူနှင့် မြေနည်းတောင်သူများကို ဦးစားပေးမှုကြောင့် တရားမျှတမှုကိုဖြစ်စေပြီး မြေခွဲဝေမှုလုပ်ငန်းစဉ်များကိုလည်း ပွင့်လင်းမြင်သာမှုရှိစေပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ တာဝန်ရှိသူများသည်လည်း ဆုံးဖြတ်ချက်များကို လွယ်ကူရှင်းလင်းစွာအတည်ပြုနိုင်မည်ဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးဝင်းဖေမောင်က ပုဒ်မ(၁၀၆)ပုဒ်မခွဲ(က၊ခ၊စ)တို့ကိုပြင်ဆင်ရာတွင်ကျေးရွာအဆင့် မြေနုကျွန်းမြေချထားရေးကော်မတီများ၌ ဒေသခံကိုင်းတောင်သူကိုယ်စားလှယ်များကိုယ်တိုင် ပါဝင်ခွင့်ရရှိရေး၊ မြေကွက်ခွဲဝေမှုစနစ်ကို လူထုရှေ့မှောက်တွင်ပွင့်လင်းမြင်သာစွာချမြှုင်းလင်းရေးနှင့်ခိုင်မာသည့် တိုင်ကြားစာဖြေရှင်းမှုယန္တရားတို့ကို နည်းဥပဒေတွင် အတိအကျထည့်သွင်းပေးရန်လိုအပ်ပါကြောင်း၊ ပုဒ်မ(၁၁၂) ပုဒ်မခွဲ(က)ကို ပြင်ဆင်ရာတွင်ဝေဝါးစေနိုင်သော ယေဘုယျစကားရပ်များကိုပယ်ဖျက်ပြီး အမှန်တကယ်စိုက်ပျိုးမည့် ကိုင်းတောင်သူစစ်စစ် (Smallholder Farmers) ဖြစ်ကြောင်း သတ်မှတ်သည့်စံနှုန်းများ (ဥပမာ - တစ်ဦးလျှင် အများဆုံးစိုက်ပျိုးနိုင်သည့်ဧကပမာဏာကန့်သတ်ချက်)ကိုတိကျပြတ်သားစွာဖွင့်ဆိုပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း။

လယ်ယာမြေနည်းဥပဒေ (၂၀၁၂) အခန်း (၁၂) ကိုပြင်ဆင်ခြင်းဟာ ဥပဒေစာအုပ်ထဲက စာသားအချို့ကို ပြောင်းလဲခြင်းမဟုတ်ဘဲ မြေပြင်တွင် အမှန်တကယ်ရွေးချယ်စရာမြေမရှိဘဲ မြေနုကျွန်းကိုပဲအမှီပြုနေရသည့် ကိုင်းတောင်သူလယ်သမားများ၏ဘဝလုံခြုံရေး၊ တရားမျှတရေးနှင့်ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျော့ချရေးတို့အတွက် မရှိမဖြစ်လိုအပ်နေသည့် ပြုပြင်ပြောင်းလဲရေးဖြစ်ပါသောကြောင့် အဆိုအား ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဇူလိုင်လ ၂၇ ရက်တွင်ကျင်းပမည့် ၂၂ ရက်မြောက်နေ့အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီးအစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ဇူလိုင်လ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

လမြတ်ဝါဆို မြတ်ကုသိုလ်



- ဝါဆိုသင်္ကန်း၊ လှူဒါန်းအဖြာဖြာ ကုသိုလ်ကောင်းမှု၊ တွေးရှုလွန်ဝမ်းသာ မြတ်သာသနာ၊ ရောင်ဝါထိန်လင်း။ မြန်မာ့ရွှေပြည် အောင်စေမည် ဗြောစည်သံသာ ဝင်းသည်နှင့်လေး။
- ရှုဖွယ်မြင်ကွင်း၊ ကောင်းခြင်းစုံလင် ဝါဆိုဝါကပ်၊ သူမြတ်ပုဂ္ဂိုလ်တွင် ခဲဖွယ်ဘောဇဉ်၊ စုံလင်ဝတ္ထု။ နိုင်ငံတော်မှာ ဖွံ့ဖြိုးသာ မြတ်စွာကောင်းမှု ပြုသည်နှင့်လေး။
- ကုသိုလ်အစုစု၊ ရှေးရှုမင်္ဂလာ သံဃာရည်မှန်း၊ လှူဒါန်းခဲ့တာ ကြီးကျယ်လှစွာ၊ မဟာခမ်းနား။ လေးပါးသစ္စာ ဉာဏ်မြင်ကာ ကောင်းရာကောင်းကျိုးများသည်နှင့်လေး။
- ပြည်သူပြည်သား၊ တိုးပွားဥစ္စာ မကောင်းရန်ဘေး၊ ကင်းဝေးပယ်ခွာ ကုသိုလ်ပညာ၊ ဥစ္စာကြွယ်ဝ။ စိတ်ကောင်းနှင့်ယှဉ် တွေးဆမြင် ပြည်ခွင်အေးမြ လှသည်နှင့်လေး။
- ရွှင်လန်းတက်ကြွ၊ လှူကြမြတ်ကုသိုလ် စိတ်ဝယ်မှန်းဆ၊ တောင်းကြဆုထိုထို ဝမ်းတွင်မသို၊ ရလိုစိတ်မျိုး။ တိုင်းကားပြည်ရွာ အေးချမ်းသာ စည်သာဖွံ့ဖြိုး တိုးသည်နှင့်လေး။
- လူမျိုးဘာသာ သာသနာ ရှည်ကြာတည်ကာ မြဲတော့သည်။ ကောင်းကျိုးဝေဖြာ ပြည်မြန်မာ ရတနာဝင်လာ မစဲတော့သည်။ ။

မန္တလာကိုကိုဝင်း

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၁၄)သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄



အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၁၄)၏ သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစိုးတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်၊ ပညာရေးဝန်ကြီးဌာနနှင့် တက္ကသိုလ်သင်တန်းများမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစိုးတင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများကိုဆုများချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၄၈ ဦး၊ သင်တန်းသူ ၄၄၆ ဦး စုစုပေါင်း၄၉၄ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇွန်လ ၂၂ ရက်မှ ဇူလိုင်လ ၂၄ ရက်အထိဖြစ်သည်။

ထို့နောက် ၄င်းပျောပင်များ စိုက်ပျိုးထားရှိမှု သင်တန်းသားရိက္ခာဆန်ဂိုဒေါင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်အစည်းအဝေးခန်းမ၌ တက္ကသိုလ်မှ ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ရန်ပုံငွေမှခွင့်ပြုထားသော တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါအောင်မြင်ထားသော ကုမ္ပဏီများမှတာဝန်ရှိသူများကိုတွေ့ဆုံ၍ လုပ်ငန်းများအရည်အသွေးစံချိန်စံညွှန်းမီစွာဆောင်ရွက်ကြရန်နှင့် အချိန်မီပြီးစီးရေးကိုအလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ မြဝတီ



သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ပျော်ဘွယ်မြို့နယ် သစ်တောဦးစီးဌာနမှဦးဆောင်၍ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကင်းတာကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းမဘေး၊ မိုင်တိုင်အမှတ် (၂၈၈/၂) အနီး၌ ဇူလိုင်လ ၂၄ ရက်တွင် စိုက်ပျိုးစဉ်။

မင်းမင်းထွေး(ပျော်ဘွယ်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့ မွန်းလွဲပိုင်းတွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူများအား ပြည်သူ့လွှတ်တော်ဆောင ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူများက တစ်ဦးချင်းမိတ်ဆက်၍ ပုဂ္ဂလိကကျောင်းများအနေဖြင့် လက်ရှိဆောင်ရွက်နေသည့်အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပညာရေးသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာ ရေးသင်ကြားနိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းပြင်ပ ပညာရေးနှင့်ကင်းကွာနေသူများကို



လည်း ဆက်လက်ပညာသင်ကြားနိုင်ရေးဆောင်ရွက် လျက်ရှိကြောင်း၊ ပုဂ္ဂလိကကျောင်းများသည် ပညာရေး ကဏ္ဍာမြင့်မားရေးအတွက် အဓိကကျသည့် အခန်း ကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ မိမိတို့လွှတ်တော် အနေဖြင့် ပညာရေးကဏ္ဍာဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် ပညာရေးမြှင့်တင်မှုကော်မတီကိုဖွဲ့စည်း ထားပါကြောင်း။

ပညာရေးကဏ္ဍအတွက် ပြဋ္ဌာန်းထားသည့် တည်ဆဲ ဥပဒေ (၉) ခု ရှိပါကြောင်း၊ ကော်မတီအနေဖြင့် အဆိုပါ ဥပဒေများအား ခေတ်ကာလအခြေအနေနှင့် ကိုက်ညီမှု ရှိ/မရှိ လေ့လာစိစစ်လျက်ရှိပြီး လိုအပ်ပါက ပြင်ဆင် ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းများကို တစ်ဆင့်ချင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကျောင်း များအနေဖြင့်လည်း နိုင်ငံတော်၏ ပညာရေးအခန်း ကဏ္ဍ အရွေ့တစ်ခုသို့ရောက်အောင် နိုင်ငံတော် အစိုးရ၊ လွှတ်တော်များနှင့်အတူ ပိုင်းဝန်းဆောင်ရွက် ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြား သည်။

တွေ့ဆုံပွဲသို့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက် ကြသည်။

မြဝတီ

ထိုင်းနိုင်ငံ၌ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး



နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဌေး နှင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည်ထိုင်းနိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် The Hon. Adisak Tantiwong ၏ ဖိတ်ကြားချက်အရ ဇူလိုင်လ ၂၁ ရက်မှ ၂၄ ရက်အထိ ထိုင်းနိုင်ငံ၌ကျင်းပသည့် (၁၃) ကြိမ်မြောက်အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးသည်။

အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသည် ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သော အစည်းအဝေးဖြစ်ပြီး အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံ အသီးသီးမှ တရားသူကြီးချုပ်များနှင့် တရားစီရင်ရေးဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် ဇူလိုင်လ ၂၂ ရက်တွင် ထိုင်းနိုင်ငံ တရား လွှတ်တော်ချုပ်ကကြီးမှူး၍ Inter-Continental Bangkok ၌ ကျင်းပသည့် (၁၃) ကြိမ်မြောက် အာဆီယံတရား သူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ တက်ရောက်ပြီး အခြားအာဆီယံတရား သူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အာဆီယံတရားသူကြီးချုပ် များကောင်စီ၏ အာဆီယံတရားရေးပေါ်တယ် (ASEAN Judiciaries Portal) လုပ်ငန်းအဖွဲ့၊ တရားမမှုခင်းများဆိုင်ရာ (Civil Proceedings) လုပ်ငန်းအဖွဲ့၊ မှုခင်း စီမံခန့်ခွဲမှုနှင့် တရားရုံးနည်းပညာဆိုင်ရာ (Case Management and Court Technology) လုပ်ငန်းအဖွဲ့၊ တရားစီရင်ရေးဆိုင်ရာလေ့ကျင့် ရေးနှင့် သင်ကြားရေးဆိုင်ရာ (Judicial Training and Education) လုပ်ငန်းအဖွဲ့၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် မိသားစုမှုခင်း ဆိုင်ရာ ကလေးသူငယ်အငြင်းပွားမှုများ ဖြေရှင်းရေး(Cross-Border Disputes Involving Children) လုပ်ငန်းအဖွဲ့၊ ဗီဒီယိုကွန်ဖရင့်ဖြင့် အမှုကြားနာစစ်ဆေးခြင်းဆိုင်ရာ (Conduct of Video Conferencing Hearings) လုပ်ငန်းအဖွဲ့၊ အာဆီယံနှင့် အခြားမိတ်ဖက် နိုင်ငံများ တွေ့ဆုံဆွေးနွေးမှုပြုခြင်းဆိုင်ရာ (ASEAN + Meetings) လုပ်ငန်းအဖွဲ့နှင့် ရာသီဥတုဆိုင်ရာ တရားမျှတမှု (Climate Justice) လုပ်ငန်းအဖွဲ့တို့က ဆောင်ရွက်ပြီး လုပ်ငန်းများ၊ ရရှိသည့် အောင်မြင်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အဆိုပြုချက် များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို အာဆီယံတရားသူကြီးချုပ်များကောင်စီ သို့ တင်ပြအတည်ပြုချက်ရယူကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုတရား သူကြီးချုပ်က မြန်မာနိုင်ငံ တရားစီရင်ရေး နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

အစည်းအဝေးအပြီးတွင် (၁၃) ကြိမ် မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီ အစည်းအဝေးရလဒ်ဖြစ်သည့် ဘန်ကောက်ကြေညာစာတမ်းကို အာဆီယံ နိုင်ငံများမှ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အားလုံး က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

INTERNATIONAL YOUTH DAY
2026 DIFFERENT CONTEXTS, COMMON ASPIRATIONS
၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဆောင်ပုဒ်
2026 International Youth Day
“ နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား ”
“ Different Contents, Common Aspirations ”

နယ်စပ်ရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဒုတိယ အကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးဇရိယာအတွင်းကျင်းပရာ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးဖုန်းမြတ်က အမှာစကား ပြောကြားပြီး ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ စုပေါင်းစိုက်ပျိုးနေမှုကိုကြည့်ရှုအားပေး သည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ ကျောင်းများတွင်လည်း ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင် တည်းကျင်းပပြီး ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ၊ ပန်းအလှပင်နှင့် သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ယနေ့တွင် သစ်ပင်ပေါင်း ၅၀၄၁ ပင်၊ ပထမအကြိမ်က သစ်ပင်ပေါင်း ၆၄၁၉ ပင် စုစုပေါင်း ၁၁၄၆၀ ပင်ကို စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင်ဖြစ်ထွန်းရေးအတွက် ဆက်လက်ထိန်းသိမ်းပြုစုဆောင်ရွက်သွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၄-၇-၂၀၂၆

ပေါင်	၄	ဒသမ	၉၆	လက်မ	မြဝတီ	၃	ဒသမ	၂၀	လက်မ
မော်လမြိုင်	၄	ဒသမ	၂၅	လက်မ	စစ်တွေ	၃	ဒသမ	၀၆	လက်မ
ပိုင်ကျုံ	၃	ဒသမ	၅၀	လက်မ	ဘားအံ	၂	ဒသမ	၅၉	လက်မ
ကော့ကရိတ်	၃	ဒသမ	၂၃	လက်မ	ကျောက်ဖြူ	၂	ဒသမ	၂၆	လက်မ
					ငါန်းဖွန်	၂	ဒသမ	၂၁	လက်မ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတဦးဆောင်သည့်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်က ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဘာဟိုတယ် အစည်းအဝေးခန်းမ၌ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာဇာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ LDU ဥက္ကဋ္ဌ ကျာဆော်လမွန်၊ ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ တွဖက်အတွင်းရေးမှူး(၁) နာဒေါရှာ၊ တွဖက်အတွင်းရေးမှူး(၂) နာမေသဇင်ဦးတို့ပါဝင်သည့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က NCA-S EAO ဆွေးနွေးညှိနှိုင်းရေးအဖွဲ့နှင့်လည်း စုပေါင်း၍ ဆွေးနွေးပြီးဖြစ်ကြောင်း၊ တစ်ဖွဲ့ချင်း၏ လိုလားချက်၊ အခက်အခဲများကို ဖြည့်ဆည်းနိုင်ရန် Bilateral ဆွေးနွေးပြီး ငြိမ်းချမ်းရေးလမ်းကြောင်းအား လျှော်ကလှမ်းခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် NCA အပြင် မည်သည့်လမ်းကြောင်းနှင့်မဆို ထိတွေ့၍ငြိမ်းချမ်းရေးလမ်းကိုလျှောက်လှမ်း၍ရကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအပြင် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်ရေးတို့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကိုလည်း လမ်းဖွင့်ထားပါကြောင်း၊ ညှိနှိုင်းရေးကော်မတီအနေဖြင့် လိုလားချက်၊ လိုအပ်ချက်များကို တည်ဆဲဥပဒေအရ ဆောင်ရွက်ပေးနိုင်သည်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ ဥပဒေပိုင်းနှင့်ပတ်သက်၍လည်း ညှိနှိုင်းဆောင်ရွက်ပေးရသည်များရှိကြောင်းတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)ဥက္ကဋ္ဌ ကျာဆော်လမွန်က နိုင်ငံတော်အစိုးရနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ(NSPCC)၏ လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို ကြိုဆိုပါကြောင်း၊ ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများကို ပြုလုပ်နေသည်ကိုတွေ့မြင်ရပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ဒေသ၏လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အာရေးဗီးကားကော်ဖီစိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်မှုအဆင့်ပြေစေရေးနှင့် လျှပ်စစ်မီး၊ ရေရရှိရေး၊ ကော်ဖီနည်းပညာရှင်များ၏ နည်းပညာပံ့ပိုးပေးမှုနှင့် မျိုးစေ့၊ သွင်းအားစုရရှိရေး၊ မူးယစ်ဆေးဝါးနှင့်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်မှုမရှိစေရေးကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဒေသဖွံ့ဖြိုးရေး၊ ပညာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ၊ အဖွဲ့အစည်းဆိုင်ရာဆက်ဆံရေးရုံးနှင့် သက်သာချောင်ချိရေးလုပ်ငန်းစဉ်များအတွက် ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်ချက်များကို တည်ဆဲဥပဒေအရ ဆောင်ရွက်ပေးနိုင်သည်များအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မြဝတီ

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်းအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပွဲစဉ်ပထမနေ့ ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၃၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ပွဲစဉ် ပထမနေ့ ယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား/ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပထမနေ့ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အမျိုးသားပြိုင်ပွဲဝင်အသင်း ၁၀ သင်း၊ အမျိုးသမီးပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့ဖြင့် ဇူလိုင်လ ၃၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ပထမနေ့အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားစဉ်။

၂၄-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ခေတ်မီဖွံ့ဖြိုးအလှတိုးစေမည် ပြည်ထောင်စုမြန်မာပြည်

အာကာမောင်မောင်

ကမ္ဘာတွင်နိုင်ငံပေါင်း ၁၉၀ ကျော်ရှိသည်။ နိုင်ငံတိုင်းက မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့နည်း၊ မိမိဟန်ဖြင့် လုပ်ဆောင်လျက်ရှိကြသည်။ ဖွံ့ဖြိုးမှုနည်းပါးသောနိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ဖွံ့ဖြိုးပြီး နိုင်ငံဟူ၍ ရှိကြပေရာ နိုင်ငံတိုင်းက ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်ကို အလိုရှိကြသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်ရပ်တည်နေရာမှ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ အလုပ်လုပ်ကိုင်ခြင်းဟူသောအချက်သုံးချက်မှာ မဖြစ်မနေလုပ်ဆောင်ကြရမည့်အချက်ဖြစ်သည်။ အဆိုပါ အချက်သုံးချက်မှာလည်း လူ့စွမ်းအားအရင်းအမြစ်ပေါ်တွင်အခြေခံကာ တည်ဆောက်ရခြင်းဖြစ်သည်။

ယနေ့ကာလ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်သို့အခြေချနေပြီဖြစ်သည်။ ပြည်သူများလိုလားတောင့်တသော စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ခြင်းနှင့်အတူ ပြည်သူများတစ်ခဲနက် ရွေးချယ်တင်မြှောက်ထားသောနိုင်ငံတော်အစိုးရနှင့်လွှတ်တော်များပေါ်ထွန်းနေပြီဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသောမဏ္ဍိုင်သုံးရပ်ကိုဟန်ချက်ညီစွာလုပ်ဆောင်ကြရသည်ဖြစ်ပေရာ အဆိုပါအတိုင်းတစ်သဝေမတိမ်းလျောက်လှမ်းနေပြီဖြစ်သည်။ အဆိုပါမဏ္ဍိုင်ကြီးသုံးရပ်ကို ခိုင်ခိုင်မာမာရပ်တည်နိုင်ရေးအတွက် ထိန်းကျောင်းတည့်မတ်ပေးမည့် စတုတ္ထမဏ္ဍိုင်အဖြစ် သတင်းမီဒီယာများလည်း လွတ်လပ်စွာလုပ်ဆောင်နေကြပြီဖြစ်သည်။

သက်ဆိုင်သူအားလုံးက မိမိတို့၏တာဝန်ကို ကျေကျေပွန်ပွန်တက်တက်ကြွကြွထမ်းဆောင်ကြရန် သာဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ စိတ်တူသဘောတူလိုက်ပါခြင်းဖြင့် မြန်မာနိုင်ငံကိုဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ဖွံ့ဖြိုးပြီး နိုင်ငံအဖြစ်သို့ ရောက်ရှိအောင်ကြိုးပမ်းကြရမည်ဖြစ်သည်။ ကမ္ဘာတွင် ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ရောက်ရှိနေသည့် နိုင်ငံများအား လေ့လာကြည့်လိုက်လျှင် ပညာရည်မြင့်မားသည်။ အလုပ်ကိုကြိုးစားလုပ်ကိုင်သည်။ စည်းကမ်းရှိစွာနေထိုင်ကြသည်။ ထိုအချက်များကြောင့်ပင် ဂုဏ်ယူဝင့်ကြွားစွာရပ်တည်နေနိုင်ကြခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးအတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုဖိတ်ခေါ်ထားသည်။ ကြိုတင်ကန့်သတ်ချက်မထားဘဲ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ လက်နက်ကိုင်ဆောင်၍ အဖျက်လုပ်ရပ်များလုပ်ဆောင်ခြင်းကင်းစင်ပျောက်သွားလျှင် ဒေသခံပြည်သူတို့၏လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာမည်။ ထို့ကြောင့် လက်နက်ကိုင်ဆောင်ခြင်းအစား နိုင်ငံရေးနည်းလမ်းတွင်ပါဝင်ခြင်းက အကောင်းဆုံးဖြစ်သည်။ သို့မှသာ နိုင်ငံသည်ဖွံ့ဖြိုးတိုးတက်မည်။ နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိစေမည့်လုပ်ငန်းများကို နိုင်ငံတော်အစိုးရက ပိုမိုလုပ်ကိုင်ဆောင်ရွက်ပေးနိုင်မည်။

မြန်မာနိုင်ငံ၏သမိုင်းစဉ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အလွန်ပင်အရေးကြီးသည့် ကဏ္ဍမှာရှိနေသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးမဆုံးရှုံးမီက မြန်မာနိုင်ငံသည် ပဒေသရာဇ်ခေတ် ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် တည်ရှိနေခြင်းဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာလှသည်။ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများတွင် တိုင်းရင်းသားအားလုံးသည် တပ်မတော်နှင့်လက်တွဲကာ ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို နယ်ချဲ့တို့က သွေးခဲ့အုပ်ချုပ်ခြင်းဖြင့်ဖျက်ဆီးခဲ့သည်။ လွတ်လပ်ရေးပေးခါနီးမှာပင်တောင်တန်းဒေသများကို ခွဲခြားချုပ်လှုပ်ရန်လုပ်ဆောင်ခဲ့သေးသည်။

နယ်ချဲ့တို့မွေးခဲ့သော မီးတောက်သည် ယနေ့တိုင်ရှိနေဆဲဖြစ်ပြီး နိုင်ငံအတွင်းနိုင်ငံတော်အစိုးရအား ဆန့်ကျင်ပုန်ကန်နေသူများကို ပြည်ပကသွေးထိုးလှုံ့ဆော်ထောက်ပံ့နေသေးသည်။ အဆိုပါလက်နက်ကိုင်ဆောင်နေသူများအနေဖြင့် မိမိတို့၏မျိုးဆက်သစ်များကောင်းစားရေးကိုရှေးရှုကာ ငြိမ်းချမ်းရေးစားပွဲပိုင်းတွင် ပါဝင်သင့်ကြပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများကို ဦးတည်ဆောင်ရွက်လျက်ရှိရာ ယခင်က တိုင်းရင်းသားလက်နက်ကိုင်အပေါင်းတို့တောင်းဆိုနေကြသော ဖက်ဒရယ်ကို ဒီမိုကရေစီနည်းလမ်းအရ ပေးအပ်နေပြီဖြစ်သည်။

စည်းလုံးညီညာအောင်ကြောင်းဖြာ၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဟူသောဆောင်ပုဒ်များမှာလက်တွေ့ကျလှသောဆောင်ပုဒ်များဖြစ်သည်။ ကျွန်တော်တို့ခေတ်တွင် ကျွန်တော်တို့တစ်တွေ စုစည်းညီညွတ်ဖို့လိုအပ်နေပြီဖြစ်သည်။ စည်းလုံးညီညွတ်မှုမရှိဘဲ မည်သည့်အောင်မြင်မှုမှရနိုင်မည်မဟုတ်ပေ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)၏ အခြေခံမူများတွင် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသောလောကပါလတရားများထွန်းကားရေး" တို့ကိုဖော်ပြထားသည်။ ဤပြဋ္ဌာန်းချက်များအတိုင်း အမှန်တကယ်လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းကြရမည်ဖြစ်သည်။ သို့မှသာ မြန်မာနိုင်ငံသည်ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့တက်လှမ်းနိုင်ပြီး ပြည်သူတို့၏လူမှုစီးပွားဘဝများ အဆင့်ပြေချောမွေ့မည်ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပြုကာ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးစသည်ဖြင့် ဘက်ပေါင်းစုံတိုးတက်မှုရှိစေရန်ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ဇူလိုင်လ ၁၉ ရက် (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင်အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးအနက်ထားအသိအမှတ်ပြုသည့်အနေဖြင့် ကိုယ်တိုင်တက်ရောက်ဂါရဝပြုခဲ့သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းချက်များကိုဖြေကြားရာတွင် **"တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ၊ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံးစုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကိုကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်"** ဟူသောဖြေကြားသံကို ပြည်သူများကြား သိလိုက်ရသည်။

မြန်မာနိုင်ငံသည် ရေခဲမြေခဲကောင်း၍ မြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်သည်။ အလုပ်လုပ်နိုင်လျှင် လုပ်နိုင်သလောက်အကျိုးခံစားခွင့်ရှိသည်။ အချို့သောလူငယ်များအနေဖြင့် ပညာကိုဆုံးခန်းတိုင်အောင်သင်ကြားခြင်းမရှိဘဲ ပြည်ပသို့ထွက်ခွာကာ ကြံရာကျပန်းလုပ်ကိုင်ကြသည်။ အချို့က အတွေးအခေါ်လွဲမှားကာ အမှောင်လမ်းမှာ လျှောက်လှမ်းနေကြသည်။ ထိုသို့မဖြစ်စေရန်အတွက် ယခုအခါနိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေရမည်။ အခြေခံပညာအလယ်တန်းပြီးမြောက်သည်နှင့် ပုံမှန်ပညာရေးလမ်းကြောင်းသို့ဆက်လက်တက်ရောက်ခြင်း၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလမ်းကြောင်းသုံးခုတွင် နှစ်သက်ရာတစ်ခုကိုရွေးချယ်သင်ယူခြင်းစသည်ဖြင့် လူငယ်များ၏အနာဂတ်ခရီးလမ်းကောင်းမွန်ရေးကို ရှေးရှုဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောင်းနေစဉ်မှစ၍ **အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက**ဆိုသည့်အတိုင်း ပညာလည်းတတ်ရမည်။ စည်းကမ်းလည်းကောင်းရမည်ဟူသောရည်မှန်းချက်ဖြင့် လူတော်လူကောင်းများဖြစ်အောင် အခြေခံကျောင်းများတွင် ပြည်သူ့နီတိနှင့် စာရိတ္တပညာရပ်များကိုပါ ထည့်သွင်းသင်ကြားပေးလျက်ရှိသည်။ နိုင်ငံတော်ကိုချစ်မြတ်နိုးပြီး ကာကွယ်စောင့်ရှောက်လိုစိတ်လူငယ်ထုအတွင်း ကိန်းအောင်းနေစေရန် ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ်နှင့်လူရည်ချွန် စီမံကိန်းများကိုလည်း လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိသည်။ အနာဂတ်တွင် လူငယ်များအနေဖြင့် တိုင်းပြည်တာဝန်ကိုဦးဆောင်ထမ်းရွက်ကြရသည့်အခါ လွယ်လင့်တကူထမ်းဆောင်နိုင်ရေးအတွက် ဖြည့်ပေးနိုင်သမျှ ပြည့်ဝအောင်ဖြည့်ပေးနေခြင်းဖြစ်သည်။ လူငယ်များအနေဖြင့် ပညာလည်းတော်၊ စည်းကမ်းလည်းကောင်းမွန်ပြီး ကိုယ့်အားကိုယ်ကိုး အလုပ်ကိုတန်ဖိုးထားစိတ်များကိန်းဝပ်နေရမည်ဖြစ်သည်။ သို့ဆိုလျှင် နိုင်ငံတော်၏အနာဂတ်သည် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။

တိုးတက်မှုဆိုရာတွင် "စည်းကမ်းရှိမှတိုးတက်မည်" ဟူသောဆောင်ပုဒ်ကို အလေးထားကြရမည်ဖြစ်သည်။ စည်းကမ်းရှိရှိနေထိုင်သူတိုင်း တိုးတက်သည်။ တိုးတက်သူတိုင်း စည်းကမ်းစနစ်တကျရှိကြသည်။ စည်းကမ်းသည်လူ၏တန်ဖိုး၊ နိုင်ငံ၏ဂုဏ်သိက္ခာဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများခရီးသွားလာမှုလွယ်ကူချောမွေ့အဆင်ပြေစေရေးအတွက် မီးရထားများ၊ မော်တော်ကားများ၊ ရေယာဉ်များတိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။ DEMU ကဲ့သို့ ရထားများသည် မြန်ဆန်ပြီး သန့်ရှင်းမှုရှိသည်။ စိတ်အေးချမ်းသာစွာခရီးသွားနိုင်သည်။ ဝန်ဆောင်မှုကောင်းမွန်သည်။ သတ်မှတ်ထားသည့်အချိန်အတိုင်း သက်ဆိုင်ရာဘူတာများသို့ ဆိုက်ရောက်ထွက်ခွာသည်။ ကားများလည်း ထို့အတူ၊ ရေယာဉ်များလည်း ထို့အတူ အသစ်အကောင်းနှင့်မြန်ဆန်စွာသယ်ယူပို့ဆောင်သည်။ မြန်မာနိုင်ငံအတွင်းရောက်ရှိလာသည့် ပစ္စည်းများမှာ အမှန်တကယ်ပင်ကောင်းမွန်သေသပ်လှပသည်။ အဆိုပါကောင်းခြင်းများစွာကို ကျွန်တော်တို့အသိတရားကောင်းစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရမည်။

ဒီမိုကရေစီစနစ်ကျင့်သုံးခြင်းနှင့်အတူ နိုင်ငံကြီးသားပီသစွာစည်းကမ်းလိုက်နာကြရမည်။ အချို့သောလူတို့မှာ အများနှင့်ဆိုင်သည့်နေရာများတွင် ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ စည်းကမ်းမဲ့စွာ ကွမ်းတံတွေးထွေးခြင်းများကြောင့် အများပိုင်သယ်ယူပို့ဆောင်ရေး(ပြည်သူပိုင်)ပစ္စည်းများသည် ချို့ယွင်းပျက်စီးခြင်းကွင်းမလှဖြစ်ကြရသည်။ အများနှင့်သက်ဆိုင်သည့် လမ်းတံတား၊ ပန်းခြံ၊ ရထား၊ ကား၊ ရေယာဉ်စသည်များကို မိမိကိုယ်ပိုင်ပစ္စည်းကဲ့သို့တန်ဖိုးထားသင့်သည်။ အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလိုက်နာကြရန် လိုအပ်မှုရှိနေသေးသည်။

မိမိနိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေချင်သည်မှာ ရဟန်းရှင်လူပြည်သူအပေါင်း၏ဆန္ဒအစစ်အမှန်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုစည်းညီညွတ်ကြရမည်ဖြစ်သည်။ ဘိုးဘွားများအမွေပေးထားသည့် ပြည်ထောင်စုကြီးကို စည်းလုံးညီညွတ်ခြင်းဖြင့် ထိန်းသိမ်းကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် စွမ်းအားရှိသမျှအလုပ်လုပ်ကိုင်ခြင်း၊ စည်းကမ်းရှိရှိနေထိုင်သွားလာခြင်း၊ လူငယ်များအနေဖြင့် ပညာပြည့်ဝနှံလုံးလှသူများဖြစ်အောင် ကြိုးစားဖြည့်ဆည်းခြင်း၊ အထူးသဖြင့်တရားဥပဒေဘောင်အတွင်းဘေးကင်းရန်ကွာနေထိုင်ခြင်းဖြင့် မိမိတို့မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်သာယာလှပအောင်၊ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့်နိုင်ငံတော်အဖြစ်သို့ရောက်ရှိအောင် စွမ်းဆောင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မိမိတို့မှီတင်းနေထိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို **"ခေတ်မီဖွံ့ဖြိုးအလှတိုးစေမည် ပြည်ထောင်စုမြန်မာပြည်"** အဖြစ်သို့ရောက်ရှိအောင် တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့။ ။

❀ ဘိုးဘွားများအမွေပေးထားသည့်ပြည်ထောင်စုကြီးကို စည်းလုံးညီညွတ်ခြင်းဖြင့် ထိန်းသိမ်းကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် စွမ်းအားရှိသမျှအလုပ်လုပ်ကိုင်ခြင်း၊ စည်းကမ်းရှိရှိနေထိုင်သွားလာခြင်း၊ လူငယ်များအနေဖြင့် ပညာပြည့်ဝနှံလုံးလှသူများဖြစ်အောင် ကြိုးစားဖြည့်ဆည်းခြင်း၊ အထူးသဖြင့် တရားဥပဒေဘောင်အတွင်း ဘေးကင်းရန်ကွာနေထိုင်ခြင်းဖြင့် မိမိတို့မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်သာယာလှပအောင်၊ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့်နိုင်ငံတော်အဖြစ်သို့ရောက်ရှိအောင် စွမ်းဆောင်ကြရမည်ဖြစ် . . .

ရတနာပုံဝတ္ထု

ရွှေဥဒေါင်း



ယမန်နေ့မှအဆက်

ခင်စိန်ကြည်မှာ မောင်ထွန်းမြတ်အား မောင်အရင်းကဲ့သို့အောက်မေ့၍ များစွာချစ်ခင်အကျွမ်းဝင်လျက် မိမိ၌ ဒုက္ခတွေ့ကြုံနေရသည်များကို မိမိမောင်အား တိုင်ကြားဘိသကဲ့သို့ အရောတဝင်ပြောဆိုခဲ့သည်မှန်၏။ သို့သော် မောင်ထွန်းမြတ်ကို ယခုကဲ့သို့ ချစ်ခင်စုံမက်ရန်မှာ တစ်ခါဖူးမျှ မကြံစည် စိတ်မကူးမိသည်ဖြစ်သောကြောင့် မောင်ထွန်းမြတ်ဆိုလိုသည့် အဓိပ္ပာယ်ကိုသိလျှင်သိချင်း မောင်ထွန်းမြတ်ကိုင်ထားသောလက်ကို ရုန်းဖယ်၍ ငြင်းပယ်စကားပြောမည်ပြုသော်လည်း မောင်ထွန်းမြတ်က လက်ကိုမလွှတ်ဘဲ တခြားလက်တစ်ဖက်ပါ ကိုင်ထားလေ၏။

ထိုကဲ့သို့ကိုင်ထားပုံသည် တချို့စာအုပ်များတွင် ပါလေ့ရှိသည့် သမီးရည်းစားစကားပြောပုံကဲ့သို့ ဝတ္ထုပုံပြင်သက်သေ စသည်ဖြင့် ဧနကမင်းသဘော်ပျက်သလေး၊ မေခလာနတ်သမီးလေး စသည်တို့ကဲ့သို့ စကားပိုအလျှင်းမပါ၊ မိမိတို့တစ်သက်၌ တစ်ဦးတည်းသောမိန်းမကို နှစ်နှစ်ခြိုက်ခြိုက်၊ လှိုက်လှိုက်လဲ့လဲ့ချစ်ခင်စုံမက်ကြသောအခါ၌ ပြောလေ့ရှိကြသည့် အတိုင်း ယုံကြည်ဖွယ်သော မျက်နှာထား၊ ချစ်ခင်ဖွယ်သော အမူအရာ၊ နူးညံ့သိမ်မွေ့၍ နာပျော်ဖွယ်ရှိသောအသံဖြင့် စိတ်ရောကိုယ်ပါ ပြောဆိုသည်ကို ကြား၍ မြင်ရလျှင် ခင်စိန်ကြည်မှာ တခြားတစ်ယောက်အပေါ်၌ ငြိတွယ်ပြီးမဖြစ်လျှင် ထိုနေရာ၌ပင် မောင်ထွန်းမြတ်ပြောသည်ကို လိုက်နာမည်ဖြစ်လေသည်။ သို့ရာတွင် ဤသို့ပြောနေစဉ် ဝတ်လုံကတော်ကြီးသည် ရုတ်တရက်ဝင်လာပြီး အကြောင်းကိုရိပ်မိသည်တွင် အခန်းအဝင်အဝ ခြေသုတ်ဖုံပေါ်တွင် တုံ့၍ရပ်လျက်-

"ဘယ့်နယ်ဟာတွေလဲ"ဟု ဖွင့်၍မပြောသော်လည်း ပြောဘိသကဲ့သို့ မျက်နှာထားပြလေသော်ထိုအခါ မောင်ထွန်းမြတ်မှာ ရိုးသားဖြောင့်မတ်သော အကြံအစည်ဖြင့် ပြောဆိုနေသည်ဖြစ်သောကြောင့် မျက်နှာထားမပျက်ဘဲ-

"ဝတ်လုံတော်ရမင်းတော့ ကျွန်တော့်ကိုသိပါတယ်၊ ကျွန်တော် မန္တလေးက ရွှေနေမောင်ထွန်းမြတ်ပါပဲ"ဟု ပြောလျှင် ဝတ်လုံကတော်သည် မောင်ထွန်းမြတ်ကို ခြေဆုံးခေါင်းဆုံးကြည့်၍-

"မောင့်နာမည်တော့ ကြားဖူးပါရဲ့၊ သို့သော် မောင်နဲ့ ခင်စိန်ကြည်နဲ့အင်မတန်အရောတဝင်ဖြစ်ပြီး ယခုလို"

"ကျွန်တော် အစီရင်ခံပါရစေ ဝတ်လုံကတော်ကြီး ခင်ဗျာ၊ ခင်စိန်ကြည်နဲ့ ကျွန်တော်နဲ့ ဘယ်သောအခါမျှ အင်မတန်အရောတဝင်မရှိခဲ့ဖူးပါဘူး၊ ယခုမှပဲ ကျွန်တော့်စကားကို လက်သင့်ခံဖို့ တောင်းပန်ဆဲရှိပါသေးတယ်"ဟု ပြောလျှင်။

ဝတ်လုံကတော်သည် ခင်စိန်ကြည်ကို မိမိအိမ်မှ မည်သို့ကြံစည်၍ ထုတ်ရပါမည်ဟု ကြံစည်တွေးတော၍ မရနိုင်ရှိရသည့်အတွင်း ယခု မောင်ထွန်းမြတ်ကလာ၍ ပြောဆိုလာသည်ဟု ကြားရလျှင် မိမိလက်မှသည်ကောင်မကလေးလွတ်ပေတော့မည်ဟု မျက်နှာထားကြီး၍နေရာမှ ရုတ်တရက် ချိုလာပြီးလျှင်-

"ဒါဖြင့် ဘာပြောစရာရှိသလဲ၊ ခင်စိန်ကြည်က ကျေးဇူးတင်ဖို့သာ ရှိတာပေါ့၊ သူ့ခမျာမှာလည်း အမိမရှိ၊ အဖမရှိ၊ ဓနမရှိဖြစ်နေတဲ့အခါမှာတော့ ဟုတ်တယ်လေ၊ အဒေါ်က အမှန်ပြောတာ မောင့်လိုလူတစ်ယောက်က ပြောဆိုလာတယ်ဆိုတော့ ဘာပြောဖို့ရှိသေးသလဲ၊ နို့ ခင်စိန်ကြည်ကကော ဘယ့်နယ်ပြောသလဲ၊ သဘောတူမှာပေါ့လေ"ဟု မေးလျှင် ခင်စိန်ကြည်သည် ဝတ်လုံကတော်အား အဖက်လုပ်၍ ပြန်မပြောဘဲ မောင်ထွန်းမြတ်၏အနီးသို့ကပ်ပြီးလျှင်-

"ကျွန်မ တစ်နာရီလောက် စဉ်းစားဖို့ ခွင့်ပြုပါရှင်" ဟုပြောရာ "စဉ်းစားပါ ခင်၊ စဉ်းစားပါ၊ စဉ်းစားပါရစေဦးဆိုတော့ မျှော်လင့်စရာရှိသေးတာပေါ့၊ ဒါဖြင့် ညနေလောက်မှ တစ်ခေါက်လာခဲ့ဦးမယ် ဟုတ်လား၊ သွားချေပါဦးမယ် ဒေါ်ဒေါ်"

ခင်စိန်ကြည်လည်း အိမ်ပေါ်သို့တက်၍ မိမိအခန်းတွင်းသို့ဝင်ပြီးလျှင် စဉ်းစားဆင်ခြင်လျက်နေလေ၏။ ခင်စိန်ကြည်မှာ မိခင်အုပ်၍ ကြီးခဲ့ရရှာသည်မဟုတ်သောကြောင့် ဤအရာမျိုး၌ စဉ်းလည်းမစဉ်းစားတတ်၊ တိုင်ပင်ရန်လည်း တစ်ယောက်မျှမရှိသဖြင့် ကလေးကဲ့သို့သာလျှင် စဉ်းစားတတ်ရှာ၏။ ကိုထွန်းမြတ်၏အိမ်သည် ငါတို့ယခုနေသောအိမ်ထက်ကြီး၏။ လှ၏။ နေရာလည်းကောင်း၏။ ကိုထွန်းမြတ်သည်လည်း စိတ်သဘောပြည့်ဝ၍ ချစ်ခင်ဖွယ်ကောင်း၏။ ချစ်ခင်ကြောင်နာတတ်သောစိတ်လည်းရှိ၏။ သို့ဖြစ်သောကြောင့် လက်ခံရတော့မည်လား။ သို့သော်ဟာ ဘယ်နည်းနှင့်မဆို ဒီမှာနေရတာနှင့်စာလိုက်လျှင် တော့ နတ်ပြည်နဲ့ ငရဲလောက်ကွာမှာပဲ။ ဒါတော့ ဟုတ်ပါပြီ။ သို့သော် ငါက သူ့ကို မကြိုက်တာခက်တယ်။ ငါကြိုက်တာက ကိုသက်ညွှန့်၊ ပြောလာတာက ကိုထွန်းမြတ်၊ ဟိုတစ်ယောက်ကများ ပြောလာပါတော့နော်။ သို့မဟုတ်လည်း သူ့ကို ငါလုံးလုံးမမြင်ဖူးရင်လည်း အကောင်းသားဟူ၍ စဉ်းစားလျက်နေလျှင် ဝတ်လုံကတော်ကြီးသည် ဝင်လာပြီး-

"ဘယ့်နယ်လဲ တူမကြီး စဉ်းစားမိပြီလား၊ ဘာစဉ်းစားဖို့ရှိသလဲ၊ သူ့အကြောင်းလည်း တူမကြီးသိပြီးမဟုတ်လား၊ လူရိုးလူဖြောင့် သိက္ခာသမာမိနဲ့ပြည့်စုံ၊ ဒီလိုဟာတော့ ဟုတ်တာပြော အင်မတန်ရှားတာပဲ၊ ကာလက ပေါ်ကြော့်တွေသာများတာ စိတ်ကူးမလွဲနဲ့ တူမကြီး"စသည်ဖြင့် အတွင်လှော်လေ၏။

ခင်စိန်ကြည်မှာ မစဉ်းစားတတ်အောင်ဖြစ်လျက် ဟိုဘက်ယိမ်း၊ သည်ဘက်ယိုင် စိတ်ဒွိဟဖြစ်၍နေစဉ် မောင်ထွန်းမြတ်သည် ဝင်းအတွင်းသို့ဝင်၍လာသည်ကို ပြတင်းပေါက်မှမြင်သဖြင့် အိမ်အောက်သို့ဆင်းလာခဲ့ရာ မည်သို့ပြောရမည်ကို မတွေးနိုင်အောင်ပင် ရှိပေသေး၏။ အောက်သို့အဆင်း လှေကားတွင် မောင်သက်ညွှန့်နှင့်တွေ့သဖြင့် ခင်စိန်ကြည်သည် မိမိ၏ရင်ခုန်သံကိုကြားရသည့်တိုင်အောင် ရင်ခုန်လျက်ရှိနေလေရာ။ မောင်သက်ညွှန့်က . . .

"ဘယ့်နယ်လဲ ခင် ဘယ်သွားပုန်းနေသလဲ၊ ကျွန်တော်တို့အကြောင်းကြားပြီးပြီလား"

"မကြားသေးဘူး"

"ဒီမယ် ခုတင်က မမနဲ့ ကျွန်တော်နဲ့ ဒေါက်ကပ်နဲ့ ထွက်သွားကြတော့ ကျွန်တော်က ဒေါက်ကပ်မောင်းသွားတာကိုး၊ မောင်းသွားတော့ ကိုယ်တော်မြတ်မြင်းကလေးက လမ်းကျတော့လန့်ပါရော၊ လန့်ပြီး ပတတ်ရပ်လိုက်၊ ကန်လိုက်၊ ပေါက်လိုက်နဲ့လုပ်တော့ မမကလေးကြောက်လွန်းလို့ ကျွန်တော့်ကို ဖက်ထားလိုက်တာ၊ တော်တော်ကြာ မြင်းလည်းဒူးထောက်ရက်လဲသွားရော မမလည်း ရထားပေါ်က ဆင်းပြေးပြီး အိမ်ခြေကျင်ပြန်ပြေးလိုက်တာ၊ ဒါနဲ့ မိုက်လှတဲ့သတ္တဝါကလေး ကြိမ်ဒဏ်များများကြီးပေးပြီး လမ်းတစ်လျှောက်လုံး ဒုန်းစိုင်းပြန်လာ အိမ်ရောက်တော့ အဆင်သင့် ကိုထွန်းမြတ်နဲ့တွေ့ လူကောင်းတစ်ယောက်ပေပဲဗျာ၊ ကိုထွန်းမြတ်နာမည်ကလည်း မြတ်၊ လူကလည်းမြတ် ကျွန်တော်တို့တော့ ခင့်အတွက် အပုံကြီးဝမ်းမြောက်ပါတယ်"ဟု ပြောလျှင်-

ခင်စိန်ကြည်သည် တစ်ခွန်းတစ်ပါဒမျှမပြောဘဲ မောင်သက်ညွှန့်၏မျက်နှာကိုသာ မော်၍ကြည့်နေသောအခါ-

မောင်သက်ညွှန့်က ဆက်လက်၍ "ဘာလဲ သိနှင့်တာ အံ့သြသလား၊ ဘာအံ့သြစရာရှိသလဲ ခင်ရယ်၊ ကျွန်တော်တို့တော့ တစ်အိမ်သားတည်းဖြစ်နေကြတာပဲ၊ ခုတင်ပဲ မမက ဆီးပြောလိုက်လို့ အကုန်ပဲကြားခဲ့ရပါပြီဗျာ၊ တယ်ဝမ်းမြောက်ပါတယ်"

"ကျေးဇူးတင်ပါရဲ့ရှင်၊ သို့သော် ဝမ်းမြောက်တာက နည်းနည်းအရင်ကျနေတယ် မှတ်တယ်"

"ဟုတ်လား ဒါဖြင့် ယခုဝမ်းမမြောက်ရသေး၊ နောက်တစ်ယောက်နဲ့ကျမှ ဝမ်းမြောက်ရမှာပေါ့လေ၊ ကိုယ်တို့တော့ဗျာ မကြံစည်ဝံ့ပါဘူး၊ ကြံစည်တုန်းကတော့ ကြံစည်မိပါရဲ့၊ ကိုယ်တို့တော့ မြင်ရုံသာမြင်ရဆိုတဲ့အထဲကပါပဲ"ဟု ထွေ့၍ပြောပြီးလျှင် အိမ်ပေါ်သို့ တက်သွားလေ၏။ **ဆက်လက်ဖော်ပြပါမည်။**

အမရပူရမြို့နယ်၌ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်လှစ်

မန္တလေး ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းကို ဇူလိုင်လ ၂၄ ရက်တွင် ဖွင့်လှစ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတိုးဝင်း၊ အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး)တပ်ဖွဲ့စုမှူး ရဲမှူး ခင်မာဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး)တပ်ဖွဲ့စုမှူး ရဲမှူး ခင်မာဝင်းက ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ အမရပူရမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြပြီး ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့်အချက်အလက်များနှင့် ဆက်သွယ်ရမည့်နည်းလမ်းများကို ရှင်းလင်းပို့ချကြောင်း သိရသည်။ **လဲ့လဲ့ခိုင်(အမရပူရ)**

ကြံခင်းမြို့နယ်၌ ကြက်ဟင်းခါးသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကြံခင်း ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ ကြက်ဟင်းခါးသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အေးသူ၏ပြောကြားချက်အရ သိရသည်။

ကြံခင်းမြို့နယ်၌ ဇူလိုင်လဒုတိယပတ်မှစ၍ လက်ရှိအချိန်ထိ ကြက်ဟင်းခါးသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကြံခင်းမြို့နယ်ကထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အရောင်းအဝယ်ကောင်းလာပါတယ်။ လက်ရှိမိုးသီးနှံအဖြစ် စိုက်ပျိုးထားတဲ့ ကြက်ဟင်းခါးသီးတွေ ထွက်ရှိနေပါတယ်။ ကြက်ဟင်းခါးသီးတွေက အရည်အသွေးကောင်းပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသစျေးကွက်နဲ့ တခြားဒေသကုန်စိမ်းစျေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်" ဟု ဒေါ်အေးသူကပြောသည်။

ကြံခင်းမြို့နယ်မှ စိုက်ပျိုးထွက်ရှိသည့် ကြက်ဟင်းခါးသီးများနှင့် တခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များအားကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည်ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဒဂုံတက္ကသိုလ်တွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးနှင့်အပန်းဖြေအနားယူနိုင်ရေးအတွက် Recreation Centre ဆောက်လုပ်နေမှုအခြေအနေများနှင့် တက္ကသိုလ်ပတ်လမ်းတည်ဆောက်ရန် လျာထားသည့်မြေနေရာတို့ကို လိုက်လံရှင်းလင်းပြသကြရာ ဒုတိယသမ္မတက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးကြီးကြပ်ဆောင်ရွက်ရန်၊ တက္ကသိုလ်၏ ပညာသင်ကြားရေးနှင့်အတူ ကျောင်းသား၊ ကျောင်းသူများ၏ကိုယ်ကာယကျန်းမာရေးနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုနိုင်မည့် နေရာကောင်းတစ်ခုဖြစ်စေရေးဆောင်ရွက်ရန်၊ စင်တာအတွင်း အားကစားနှင့်အပန်းဖြေမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လိုအပ်ချက်နှင့်အညီ စနစ်တကျထည့်သွင်း စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံတက္ကသိုလ်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက ပတ္တမြားအဝိုင်းနှင့် ဘောလုံးကွင်းပြန်လည်မွမ်းမံတည်ဆောက်နေမှု၊ ကျောင်းဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက တက္ကသိုလ်၏အင်္ဂါရုပ်များနှင့်အညီ ဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး အလေးထားဆောင်ရွက်ရန်၊ ဘောလုံးကွင်းတည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန်၊ ကျောင်းသား၊ ကျောင်းသူများ အားကစားလှုပ်ရှားမှုများတွင် လွတ်လပ်စွာပါဝင်ဆောင်ရွက်နိုင်ပြီး ကိုယ်ကာယကျန်းမာကြံ့ခိုင်မှုတိုးတက်လာစေရေးအတွက် အားကစားကွင်းများကို စနစ်တကျထိန်းသိမ်းအသုံးပြုနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ရောက်ရှိကြပြီး တာဝန်ရှိသူများက ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ရန် လျာထားသည့် မြေနေရာတို့ကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက ကျောင်းပတ်လမ်းတိုးချဲ့ဆောင်ရွက်သွားနိုင်ရေးနှင့် ခြံစည်းရိုးကာရံနိုင်ရေးဆောင်ရွက်ရန် မှာကြားပြီး တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ မြဝတီ

အခြေခံပညာ ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းဆင်း

နေပြည်တော် ဇူလိုင် ၂၄

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၄)သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးထွန်းထွန်းဝင်းတက်ရောက်သည်။

အခမ်းအနားတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်က အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ကာ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၉၃ ဦး၊ သင်တန်းသူ ၃၈၂ ဦး စုစုပေါင်း ၄၇၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလရက်သတ္တငါးပတ် ကြာမြင့်ခဲ့သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့သည်တက္ကသိုလ်တွင်အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၅)၊ အရာထမ်းလောင်း(အထူး) သင်တန်းအမှတ်စဉ် (၁၆)နှင့် အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၀၇)မှ သင်တန်းသား၊ သင်တန်းသူများအား သင်ခန်းစာပို့ချနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား တာဝန်ရှိသူများက သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် ဇူလိုင် ၂၄

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေရာတချို့တွင် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှုများအား ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေရာတချို့တွင် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှုများအား ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းသည် ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ရေဝပ်နေရာများ၌ လက်ရှိတွင် ရေပြန်လည်ကျဆင်းသွားပြီဖြစ်၍ ရေကြီးရေလျှံမှုထပ်မံမဖြစ်ပေါ်စေရေး၊ ရေမြောင်းများအတွင်း အမှိုက်များ ပိတ်ဆို့မှုမရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရန် ဆယ်ယူတူးဖော်ဆောင်ရွက်သွားရေးတို့ကိုမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ မြဝတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄·c	/	၃၀·c
ရန်ကုန်	၂၄·c	/	၃၁·c
မန္တလေး	၂၆·c	/	၃၆·c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ | အဖိုးတန်ရေချိုကို ချွေတာကြပါစို့





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့ အခမ်းအနားတက်ရောက်လာကြသူများက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ကြီးထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

ဝ ကျောဖုံးမှအဆက်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက သာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက်အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်


❐ တိုက်ကွမ်ဒုံပြိုင်ပွဲမှ


သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပလျက်ရှိရာ ယနေ့တွင်ဒုတိယနေ့အဖြစ် ပြိုင်ပွဲများဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း ကကွက်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး နှစ်ယောက်တွဲကကွက်ပြိုင်ပွဲ၊ အမျိုးသား အသင်းလိုက် ကကွက်ပြိုင်ပွဲ၊ အမျိုးသမီး အသင်းလိုက် ကကွက်ပြိုင်ပွဲ၊ အမျိုးသမီး ၅၃-၅၇ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား၆၃-၆၈ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသားFreestyleကကွက် ပြိုင်ပွဲနှင့် အမျိုးသမီး Freestyle ကကွက် ပြိုင်ပွဲများ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒုံပြိုင်ပွဲ ပွဲစဉ်များအား ဇူလိုင်လ ၂၅ ရက်တွင် အမျိုးသား ၄၅-၄၈ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ၅၈-၆၃ကီလို တန်းပြိုင်ပွဲ၊ အမျိုးသား ၅၄-၅၈ကီလိုတန်း ပြိုင်ပွဲ၊ အမျိုးသမီး ၄၆-၅၀ကီလိုတန်းပြိုင်ပွဲ များကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ဝန်းရံခ





➤ နေရာကွက်၍မိုးကြိုးနိုင်မှ

မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် လွတ်တော်ဥက္ကဋ္ဌများနှင့်ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်



ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ကြီးထံ အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ကြီးထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

နှင့်ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ **မြဝတီ**

PPIB News

ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများ သင်တန်းအမှတ်စဉ်(၂/၂၀၂၆) သင်တန်းဆင်း

နေပြည်တော် ဇူလိုင် ၂၄

ဘွိုင်လာ ကိုင်တွယ်ထိန်းသိမ်းသူများကျွမ်းကျင်ပြီး သတိရှိရှိကြိုးစားလုပ်ဆောင်မှုသာ ဘေးအန္တရာယ်ကင်းပြီး ဘွိုင်လာကောင်းမည်၊ ဘွိုင်လာကောင်းမှ စက်ရုံလုပ်ငန်းများ ဖြောင့်ဖြောင့်ဖြူးဖြူးလည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများ သင်တန်းအမှတ်စဉ်(၂/၂၀၂၆) သင်တန်းဆင်းပွဲတွင် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းက ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် အမှာစကားပြောကြားစဉ် ထည့်သွင်းမှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးက သင်တန်းတွင် ထူးချွန်ဆုရရှိသူသုံးဦးအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်ထံ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိမြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပသည့် အင်ဂျင်နီယာ ပညာရေးအရည်အသွေးအတည်ပြုခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံ ICEEA 2025 သို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ် (WFEO) ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အင်ဂျင်နီယာပညာရေးမြင့်မားတိုးတက်စေရေးအတွက် စကားဝိုင်းဆွေးနွေးပွဲများကို ကျင်းပကြသည်။ အဆိုပါညီလာခံအား နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

◆ **ရှေ့ဖုံးမှအဆက်**

ခရီးသည်များကြိုက်နှစ်သက်၍ စီးနင်းမှုများသောကြောင့် ရန်ကုန်-ပြည်လမ်းပိုင်းအတွင်း အမှတ်(၇၃)အဆန် ရန်ကုန်-ပြည်ခရီးစဉ်နှင့် အမှတ်(၇၄)အစုန် ပြည်-ရန်ကုန်ရထားခရီးစဉ်များကို လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများအသုံးပြု၍ ဇူလိုင်လ ၃၁ ရက်မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

စဉ်	ရထားအမှတ်	ခရီးစဉ်		ထွက်ခွာ/ဆိုက်ရောက်ချိန်		စုစုပေါင်းကြာမြင့်ချိန်
		မှ	သို့	ထွက်ချိန်	ရောက်ချိန်	
၁	အမှတ်(၇၃)အဆန်	ရန်ကုန်	ပြည်	၀၅:၃၀	၁၁:၃၀	(၆)နာရီ
၂	အမှတ်(၇၄)အစုန်	ပြည်	ရန်ကုန်	၁၃:၀၀	၁၉:၀၀	(၆)နာရီ

အထက်ပါ စတင်ပြေးဆွဲမည့် အမှတ်(၇၃)အဆန်/အမှတ်(၇၄)အစုန်ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းတစ်ဆိုင်းတွင် အထက်တန်းနှစ်တွဲ၊ ပထမတန်းလေးတွဲပါရှိပြီး အထက်တန်းတွင် ၆၆ ဦးနှင့် ပထမတန်းတွင် ၂၂၄ ဦး စုစုပေါင်း ၂၉၀ ဦးစီးနင်းလိုက်ပါနိုင်မည်ဖြစ်သည်။ လက်မှတ်ခန့်ထားမှာ ခရီးစဉ်အစအဆုံး အထက်တန်းအတွက် ၂၀၀၀၀ ကျပ်နှင့် ပထမတန်းအတွက် ၁၅၀၀၀ ကျပ်တို့ဖြစ်ပြီး အဆိုပါရထားသည် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်တစ်လျှောက် တည်ငြိမ်ရပ်နား၊ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ ကြို့ပင်ကောက်၊ နတ္တလင်းနှင့် ပေါင်းတည်ဘူတာတို့တွင်ရပ်တန့်ပေးမည်ဖြစ်ပြီး ခရီးစဉ်အစအဆုံး ပြေးဆွဲချိန်ခြောက်နာရီသာကြာမြင့်မည်ဖြစ်ရာ နေ့ချင်းပြန်သွားရောက်နိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

ထို့အတူ ရန်ကုန်-ပြည်ရထားလမ်းပိုင်းတွင်ပြေးဆွဲလျက်ရှိသော အမှတ်(၇၁)အဆန်/ အမှတ် (၇၂)အစုန် လူစီးအမြန်လေအိတ်ရထားနှင့် ယခုပြေးဆွဲမည့် အမှတ်(၇၃)အဆန်/အမှတ်(၇၄)အစုန်ခေတ်မီ DEMU လူစီးအမြန်ရထားများ၏ရထားလက်မှတ်များကို Online Railways Tacketing and Payment System (ORTP) စနစ်ဖြင့် လက်မှတ်များဝယ်ယူနိုင်မည်ဖြစ်ပြီး ခရီးစဉ်အစအဆုံးအတွက် ခုနစ်ရက်နှင့် ကြားဘူတာများအတွက် ငါးရက်ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Grand ceremony to mark the second successful offering of sacred cleansing materials to the Maravijaya Buddha Image and to offer golden lotus robe held





President of the Republic of the Union of Myanmar U Min Aung Hlaing offers golden lotus robe to the Maravijaya Buddha Image.

NAY PYI TAW July 24

A grand ceremony to offer golden lotus robe to the Maravijaya Buddha Image marking the second successful offering of sacred cleansing materials and the third-anniversary consecration of the Image was held this morning, attended by President of the Republic of the Union of Myanmar U Min Aung Hlaing and his spouse Daw Kyu Kyu Hla, who paid homage to the Buddha Image.

Also present at the ceremony together with the President and his spouse were Vice President U Nyo Saw and wife, Speaker of Pyithu Hluttaw U Khin Yi and wife, Speaker of Amyotha Hluttaw U Aung Lin Dway and wife, Commander-in-Chief of Defence Services General Ye Win Oo and wife, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and wife, union ministers and wives, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief and wives, deputy ministers, officials and religious associations.

The President and spouse paid homage and offered a meal in an emerald bowl, fruits, flowers, water and oil lamps and the golden lotus robes to Maravijaya Buddha Image. The ceremony was opened with a three-time recitation of Namotassa and the master of ceremonies read out the Devani mantana and invited the celestial beings.

Devotees conveyed the golden lotus robe onto the scaffold of the Buddha Image. The congregation recited the Three Sanagon in Pali and shared metta bavana.

A devotee invited and welcomed the President and party onto the scaffold. The President offered the golden lotus robe to the Maravijaya Buddha Image in person and with his own hands and sprinkled scented water.

နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်မီးများ ပုံမှန်ရရှိရေးနှင့် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်မှုမရှိစေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကိုလျစ်လျူရှု၍ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် အဖျက်အမှောင့်လုပ်ရပ်များကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိရာ ဇူလိုင်လ ၁၉ ရက်နေ့တွင် ပခုက္ကူမြို့နယ်၊ ပေါင်လောင်ကန်ကျေးရွာအနီးရှိ ၁၃၂ ကေဗွီ ညောင်ပင်ကြီး - ဗုဒ္ဓကုန်း မဟာဓာတ်အားလိုင်းအား PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင်အမှတ် (၃၃၈) ပြိုလဲပျက်စီးခဲ့ရသည်။ ထိုသို့ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် အဖျက်အမှောင့်လုပ်ငန်းကို ပြုလုပ်မှုကြောင့် ပခုက္ကူ၊ ရေစကြို၊ မြိုင်နှင့် ကမ္ဘမြို့များအတွင်းရှိ အပြစ်မဲ့ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အား ရုတ်တရက်ပြတ်တောက်သွားခဲ့ရပြီး လူမှုစီးပွားရေးနှင့် နေ့စဉ်ဘဝများတွင် အခက်အခဲပေါင်းများစွာဖြင့် ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ကြရသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးသည်နှင့်တစ်ပြိုင်နက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မဟာဓာတ်အားလိုင်းမှူးရုံး (ဂန့်ဂေါ၊ အုန်းတော)၊ ပင်မဓာတ်အားခွဲရုံ(ဗုဒ္ဓကုန်း) နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့မှ လျှပ်စစ်ဝန်ထမ်းများသည် ပြည်သူများ လျှပ်စစ်ဓာတ်အား မြန်မြန်ဆန်ဆန် ပြန်လည်ရရှိရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ (၄) ရက်တိုင်တိုင် နေ့မအားညမအား ကြိုးစားအားထုတ်၍ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသဖြင့် ဇူလိုင်လ ၂၃ ရက်တွင် အဆိုပါပျက်စီးသွားသည့် တာဝါတိုင်အမှတ် (၃၃၈) အား ပြန်လည်ပြုပြင်ပြီးစီးခဲ့ပြီး ဓာတ်အားပြတ်တောက်ခဲ့သော ပခုက္ကူ၊မြို့နယ်နှင့် ရေစကြိုမြို့နယ်များအတွင်းရှိ ဒေသများသို့ ဓာတ်အားများ ပြန်လည်ပို့လွှတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အကြမ်းဖက်အဖျက်သမားများ၏ ယခုကဲ့သို့မဟာဓာတ်အားလိုင်းများအား ဖျက်ဆီးမှုလုပ်ရပ်များကြောင့် ပြည်သူများက နေ့စဉ်လူမှုစီးပွားဘဝလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများကို တိုက်ရိုက်ထိတွေ့ခံစားခဲ့ကြရသဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်ဝန်ထမ်းများနှင့်တာဝန်သိပြည်သူများ၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုကြောင့် လျှပ်စစ်မီးများအမြန်ဆုံး ပြန်လည်ပေးဝေနိုင်ပြီဖြစ်ကြောင်းနှင့် လျှပ်စစ်မီးပြန်လည်ရရှိမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းခိုင်ဝင်း လက်ခံတွေ့ဆုံ



နေပြည်တော် ၈လိုင် ၂၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းခိုင်ဝင်းသည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် မစ္စတာ ဟိုင်မန် နဒဲရော့ဂျ်အား ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNFPA အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိသည့် မိခင်နှင့်ကလေးသေဆုံးမှုလျှော့ချရေးလုပ်ငန်းများတွင် UNFPA မှ ပူးပေါင်းဆောင်ရွက်ရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းများခန့်မှန်းတွက်ချက်ရေးဆိုင်ရာသင်တန်းပို့ချရေး၊ သဘာဝဘေးအန္တရာယ်များနှင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဥရောပသမဂ္ဂ၏ ကုန်တင်လေယာဉ်ဖြင့် ကျန်းမာရေးနှင့်အာဟာရထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ရေး၊ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများအား အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ UNFPA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

မြဝတီ

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လက်ခံတွေ့ဆုံ

နေပြည်တော် ၈လိုင် ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကိုကိုကျော်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund- UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ မစ္စတာ ဟိုင်မန် နဒဲရော့ဂျ်အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့မွန်းလွဲ ၂ နာရီတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

မြဝတီ



(၂၄-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၄၈ ~ ၃၆၆၉	၅၅၇ ~ ၅၅၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၂၀,၃၉၀,၆၈၇.၆၈	၁,၉၅၀,၅၈၄.၈၆	၇၁,၆၈၆,၁၉၂.၅၂	-
ဗဟိုဘဏ်မှဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ				

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ အမေရိကန် ဒေါ်လာ ၂.၄၅ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၁၂ သန်းအား CMP ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဆေးတက္ကသိုလ်(ရန်ကုန်)နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် စစ်တုရင်ချန်ပီယံပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ၈လျှိုင် ၂၄

စစ်တုရင်အားကစားကိုမြှင့်တင်ရန်၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ကျောင်းသား၊ ကျောင်းသူများချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာစေရန်၊ တက္ကသိုလ်၏အစဉ်အလာကောင်းများကို ဂုဏ်ပြုဖော်ထုတ်ရန်ရည်ရွယ်ကျင်းပသည့် စစ်တုရင်ချန်ပီယံပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးပညာကျွမ်းကျင်မှုပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနဌာနတွင်ကျင်းပသည်။

ရှေးဦးစွာ ဆေးတက္ကသိုလ်(၁)ရန်ကုန်ပါမောက္ခချုပ်ဒေါက်တာကျော်ရွှေက ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားပြီး ရာပြည့် စစ်တုရင်ပြိုင်ပွဲတွင်ဆုရရှိကြသော ချန်ပီယံများအားပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ ကဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆုရရှိသူများကိုယ်စား ချန်ပီယံတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီးဆုရရှိသူများနှင့်တက်ရောက်လာသူများကစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါပြိုင်ပွဲကို ဆေးတက္ကသိုလ်(၁) ရန်ကုန်မှဆေးကျောင်းသား၊ ကျောင်းသူများ၊ House Officers နှင့် Postgraduate MSc Student များ ၄၂ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီးChampion Award ငွေကျပ် ၁၀ သိန်း၊ 1st Runner Up Award ငွေကျပ် ၈ သိန်း၊ 2nd Runner Up Award ငွေကျပ် ၆ သိန်း၊ Challenger Winner Award ငွေကျပ် ၅ သိန်းနှင့် Best Woman Awardဆုအား ငွေကျပ် ၅ သိန်းချီးမြှင့်ခဲ့ကြောင်းသိရသည်။

နေကိုထိုက်



၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပ



နေပြည်တော် ၈လိုင် ၂၄

ပညာရေးဝန်ကြီးဌာနနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ နေပြည်တော်ကောင်စီနယ်မြေ ဓမ္မာသီရိမြို့နယ် အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း ဓမ္မာရွှေကြာခန်းမ၌ကျင်းပရာ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်က ကျောင်းသား၊ ကျောင်းသူများဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်ရှိကျောင်းပေါင်းစုံမှ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ၁၉ ဦး၊ကျောင်းသူ ၆၄ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၈၃ ဦးတို့က **"လူငယ်ကဏ္ဍကိုအားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြပါစို့"** စာစီစာကုံးခေါင်းစဉ်ဖြင့်ဖြေဆိုကြပြီး ဆုရရှိသူကျောင်းသား၊ ကျောင်းသူများအား MICC -1 ၌ ကျင်းပမည့် ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၂ ရက် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ၈လိုင် ၂၄

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၈လ)

ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ်ညှိနှိုင်းမှုအဆင်မပြေသဖြင့် အသင်းမှထွက်ခွာရန် တိုက်စစ်ကစားသမား ဖာရန်တောရက်စ် ဆုံးဖြတ်ထား

ဘာစီလိုနာ ၎လိုင် ၂၄

ဘာစီလိုနာအသင်းတိုက်စစ်ကစားသမား ဖာရန်တောရက်စ်က အသင်းနှင့်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာ အဆင်မပြေဖြစ်မှုနှင့်အတူ အနာဂတ်မရေမရာဖြစ်လာပြီးနောက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ဖာရန်တောရက်စ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်းနှင့်အတူပါဝင်လာခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင်လည်း အသင်းအတွက် အရေးပါသည့်တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

အသက် ၂၆ နှစ်အရွယ် ဖာရန်တောရက်စ်နှင့် ဘာစီလိုနာအသင်းတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိနေပြီး သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာ ညှိနှိုင်းမှုများ အဆင်မပြေဖြစ်ပွားပြီးနောက် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းကလည်း ညှိနှိုင်းမှုများအဆင်မပြေဖြစ်ပွားပြီးနောက် လက်ရှိအပြောင်းအရွှေ့ကာလတွင်ပင် ရောင်းချဖွယ်ရှိနေပြီး ဖာရန်တောရက်စ်အား အစောပိုင်းကတည်းက ပီအက်စ်ဂျီအသင်းနှင့်အတူ ပရီးမီးယားလိဂ်ကလပ်အသင်းကြီးအများစုကလည်း ခေါ်ယူရန်စီစဉ်လျက်ရှိသည်။

လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းက ဒေါ့မွန်အသင်း တိုက်စစ်ကစားသမား အဒီယီမီအား ခေါ်ယူပြီးနောက် ဖာရန်တောရက်စ်အနေဖြင့် လာမည့်ဘောလုံးရာသီ အသင်းတိုက်စစ်ပိုင်းတွင် ပွဲကစားခွင့်ရရှိရန် မရေမရာဖြစ်လာသည့်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref:Fabrizio Romano

စပိန်အသင်းက နည်းပြဒီလာဖွန်တီအား ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်စီစဉ်

မက်ဒရစ် ၎လိုင် ၂၄

စပိန်အသင်းက နည်းပြဒီလာဖွန်တီအား အသင်းကို ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးပေးနိုင်ပြီးနောက် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်နေကြောင်း သိရသည်။

အသက် ၆၅ နှစ်အရွယ် နည်းပြဒီလာဖွန်တီသည် စပိန်အသင်းကို ၂၀၂၃ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးပေးနိုင်ခဲ့သကဲ့သို့ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဖလားဆွတ်ခူးပေးနိုင်ခဲ့သည့်အတွက် အဓိကဆုဖလားနှစ်လုံးဆက် ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

နည်းပြဒီလာဖွန်တီနှင့် စပိန်အသင်းတို့စာချုပ်သက်တမ်းမှာ ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့်အတွက် စပိန်အသင်းက မကြာမီ သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က လာမည့် ယူရို ၂၀၂၈ ပြိုင်ပွဲနှင့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ချန်ပီယံဆုများကာကွယ်ရမည်ဖြစ်သည့်အတွက် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြဒီလာဖွန်တီအား ဆက်လက်တာဝန်ပေးအပ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဒီလာဖွန်တီသည် စပိန်အသင်းကို ပြိုင်ပွဲစုံ ၄၉ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာ ၃၉ ပွဲ အနိုင်ရရှိကာ ခုနစ်ပွဲသရေရလဒ်နှင့် သုံးပွဲရှုံးနိမ့်ပြီး ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးထားကြောင်း သိရသည်။

Ref:Fabrizio Romano



၂၀၃၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိရန် ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ် လျှောက်ထားမည်



ပဲရစ် ၎လိုင် ၂၄

ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၃၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ထံ လျှောက်ထားမည်ဟု အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လာမည့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို စပိန်နိုင်ငံ၊ ပေါ်တူဂီနိုင်ငံနှင့် မော်ရိုကိုနိုင်ငံတို့က သုံးနိုင်ငံပူးတွဲအိမ်ရှင်အဖြစ်လည်းကောင်း၊ ၂၀၃၄ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဆော်ဒီနိုင်ငံက အိမ်ရှင်အဖြစ်လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်ပြီး လာမည့် ၂၀၃၈ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပမည့်နိုင်ငံများအနေဖြင့် အိမ်ရှင်အဖြစ်လျှောက်ထားနိုင်ပြီး ယင်းနိုင်ငံများထဲမှ ရွေးချယ်မည်ဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့တိုက်ကြီးများအလိုက် အလှည့်ကျစနစ်ဖြင့် အိမ်ရှင်နိုင်ငံရွေးချယ်ခြင်းဖြစ်ပြီး လာမည့် ၂၀၃၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်နိုင်ငံအဖြစ် ဥရောပတိုက်နိုင်ငံများထဲမှ ရွေးချယ်မည်ဖြစ်သည်။

ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၃၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိရန် လျှောက်ထားမည်ဖြစ်ကြောင်း အတည်ပြုကြေညာပြီးနောက် လာမည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌသစ် ရွေးချယ်ပွဲတွင်လည်း လက်ရှိဥက္ကဋ္ဌ အန်ဖန်တီနိုအား ထောက်ခံမှုပြုလုပ်မည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမေရိကန်အသင်းမှ ဘာလိုဂန်၏အနီကတ်အတွက် ယာယီပယ်ဖျက်မှု၊ အချိန်ပိုမိနစ် အများအပြားအသုံးပြုမှုနှင့် ဖျော်ဖြေရေးအစီအစဉ်များစွာထည့်သွင်းပြီး ဝင်ငွေရှာဖွေမှုများနှင့်ပတ်သက်ပြီး ဥရောပမှ ထိပ်တန်းအသင်းကြီးအများစုက ဖီဖာဥက္ကဋ္ဌ အန်ဖန်တီနိုအား ဝေဖန်မှုများလုပ်ဆောင်ခဲ့ကြသော်လည်း ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က အန်ဖန်တီနိုအား ထောက်ခံကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

လက်ရှိ ဖီဖာဥက္ကဋ္ဌ အန်ဖန်တီနို၏ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှလုပ်ရပ်များအတွက် ဆန့်ကျင်ဆန္ဒပြသည့်အနေဖြင့် ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားသို့ ဥရောပဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ စီဖာရင်တက်ရောက်ခြင်းမရှိကြောင်း သိရသည်။

Ref:The L'Eqipe

လက်ရှိကစားသမား အပြောင်းအရွှေ့ကာလ သတင်းအတိုများ

- အာဆင်နယ်အသင်းက နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား ဂူမာရေးစ်အား မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို သန်း ၈၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။
- ချယ်လ်ဆီးအသင်းက အသက် ၁၈ နှစ်သာရှိသေးသည့် ဒဲလက်အက်ဖ်စီအသင်းမှ အမေရိကန်လူငယ်ကစားသမား ဘင်ဂျီအားခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။
- လီဗာပူးအသင်းက အသင်းတိုက်စစ်ပိုင်းအတွက် ပီအက်စ်ဂျီအသင်းမှ လူငယ်ထိပ်တန်းတိုက်စစ်ကစားသမားဘာကိုလာအား ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။
- နယူးကာဆယ်အသင်းက အသင်းကွင်းလယ်ပိုင်းအတွက် မိုနာကိုအသင်းမှ ကွင်းလယ်ကစားသမား ဘမ်ဘာအား ပြောင်းရွှေ့ကြေး ယူရို ၄၁ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။
- အာဂျင်တီးနားကလပ် ရေးဗားပလီတ်အသင်းက အက်သလက်တီကိုအသင်းမှ ကွင်းလယ်ကစားသမားအိန်ဂျယ်ကော်ရီရာအား ပြောင်းရွှေ့ကြေးအမေရိကန်ဒေါ်လာ ၁၇ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း ရေးဗားပလီတ်အသင်းနှင့်အတူ ဆေးစစ်မှုများ လုပ်ဆောင်မည်ဖြစ်သည်။

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ကိုးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

နေပြည်တော် ဇူလိုင် ၂၄

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကိုတစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အိန္ဒိယနိုင်ငံသားသုံးဦး၊ အီသီယိုးပီးယားနိုင်ငံသား သုံးဦး၊ တိုဂို နိုင်ငံသား တစ်ဦး၊ ယူဂန်ဒါနိုင်ငံသား တစ်ဦး နှင့် ကင်ညာနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသားကိုးဦးအား ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၄၀ ဦးထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၁၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၈ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

▲ ကျောဖုံးမှအဆက်

ယနေ့နံနက်ပိုင်းတွင်ကျင်းပသည့် ဆီမီးဖိုင်နယ်ပွဲစဉ်တစ်ပွဲဖြစ်သည့် KSL အသင်းနှင့် YRG အသင်းတို့သည် ကွာတားဖိုင်နယ်တွင် KSL အသင်းက MIU YOUTH အသင်းကိုလည်းကောင်း၊ YRG အသင်းက ရန်ကုန်အကယ်ဒမီအသင်းကိုလည်းကောင်း အနိုင်ရရှိခဲ့ကြပြီး ဆီမီးဖိုင်နယ်ကိုတက်ရောက်လာသည့် အသင်းများဖြစ်သည်။ သူတို့နှစ်သင်းယနေ့တွေ့ဆုံမှုတွင် YRG အသင်းက KSL အသင်းကို ငါးဂိုးပြတ်သွင်း၍ ဖိုင်နယ်သို့ တက်ရောက်သွားသည်။

ထို့အတူ နေ့လယ်ပိုင်းတွင်ကျင်းပသည့် ဆီမီးဖိုင်နယ်တစ်ပွဲဖြစ်သည့် YCDC DREAM TEAM အသင်းသည် ကွာတားဖိုင်နယ်တွင် SGF အသင်းကိုလည်းကောင်း၊ M2K အသင်းသည် MIU အသင်းကိုလည်းကောင်း အနိုင်ရရှိကြပြီး ဆီမီးဖိုင်နယ်ကိုတက်ရောက်လာကြသည်။ သူတို့နှစ်သင်း ယနေ့ ယှဉ်ပြိုင်မှုတွင် YCDC DREAM TEAM အသင်းက M2K အသင်းကို ၅ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိပြီး ဖိုင်နယ်သို့ တက်ရောက်သွားသည်။

အဆိုပါ Fire Dragon Futsal Championship 2026 ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၁ ရက်က စတင်ကျင်းပခဲ့ပြီး လေးသင်းတစ်အုပ်စု၊ အုပ်စုရှစ်စုခွဲ ယှဉ်ပြိုင်စေခဲ့ရာ နောက်ဆုံးဗိုလ်လုပွဲကို အုပ်စု(ဒီ)မှတက်ရောက်လာသည့် YRG အသင်းနှင့် အုပ်စု(စီ)မှတက်ရောက်လာသည့် YCDC DREAM TEAM အသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့ကြပြီး ဇူလိုင်လ ၂၆ ရက်နေ့လယ်ပိုင်းတွင် လက်တစ်ကမ်းမှချန်ပီယံဆုကို ဆွတ်ခူးနိုင်ဖို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဝန်းရံခ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ အိမ်ရာတစ်ခုအတွင်း လူသတ်၊ မုဒိမ်းမှုကျူးလွန်ခဲ့သည့် တရားခံအား မရမ်းကုန်းခရိုင်တရားရုံးမှ သေဒဏ်နှင့်ပြစ်ဒဏ်များ အမိန့်ချမှတ်

နေပြည်တော် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၌ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့နံနက် ၁ နာရီ ၄၀ မိနစ် အချိန်ခန့်တွင် ရန်ကုန်မြို့၊ အိမ်ရာတစ်ခုအတွင်း အိပ်ခန်းထဲ၌ အိပ်ပျော်နေသည့် (၁၅)နှစ်အရွယ် အမျိုးသမီးငယ်အား အဓမ္မပြုကျင့်၍ သတ်ဖြတ်ခဲ့သည့်တရားခံ အောင်ကျော်စိုး(ခ)အင်ဂျင်ဝိုင်(၃၈)နှစ်၊ (ဘ) ဦးသိန်းထွန်း၊ မှတ်ပုံတင်(မရှိ)၊ ဗမာ/ဗုဒ္ဓ၊ ကျပန်း၊ သရက်နှစ်ပင်ကျေးရွာ၊ တွံတေးမြို့နယ်နေသူအား လှိုင်မြို့မရဲစခန်း၌ (ပ)၁၅၁/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂၊ ၃၇၆ အရ အမှုဖွင့်အရေးယူခဲ့ပြီး မရမ်းကုန်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ကြောင်း သိရသည်။

အဆိုပါတရားခံအား ဇူလိုင်လ ၂ ရက်နေ့တွင် မရမ်းကုန်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မရမ်းကုန်းခရိုင်တရားရုံးမှ ရာဇဝတ်ကြီးမှုအမှတ် (စ၃/၂၀၂၆)ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ဇူလိုင်လ ၂၃ ရက်နေ့တွင် တရားခံ အောင်ကျော်စိုး(ခ)အင်ဂျင်ဝိုင်အား ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ဂ)အရ သေဒဏ် (မသေမချင်းကြိုးကွင်းစွပ်၍သတ်စေ)နှင့် အဆိုပါတရားခံသည် အခင်းဖြစ်နေ့က အဆိုပါအိမ်ရာအတွင်းရှိ အခြားအိမ်တစ်အိမ်မှပစ္စည်းများ ဝင်ရောက်ခိုးယူခဲ့သဖြင့် ရာဇသတ်ကြီးပုဒ်မ ၄၅၇၊ ၃၈၀/၇၅ ဖြင့်စွဲချက်တင်ခဲ့ပြီး ရာဇသတ်ကြီးပုဒ်မ ၃၈၀/၇၅ အရ အလုပ်နှင့်ထောင်ဒဏ် (၇)နှစ်၊ ရာဇသတ်ကြီးပုဒ်မ ၄၅၇ (ဒုတိယပိုင်း/၇၅) အရ အလုပ်နှင့်ထောင်ဒဏ်(၇)နှစ် သီးခြားစီ ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ရန်ကုန်-မန္တလေးပြေးဆွဲလျက်ရှိသည့် DEMU လူစီးအမြန်ရထားပေါ်တွင် အခြားသူများကို စိတ်ငြိုငြင်စေရန် ပြုမူပြောဆိုနေထိုင်ခြင်း၊ စည်းကမ်းမဲ့ ကွမ်းသွေးထွေးခြင်းပြုလုပ်ခဲ့သူ အမျိုးသမီးလေးဦးအား အမှုဖွင့်အရေးယူ

နေပြည်တော် ဇူလိုင် ၂၄

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ သက်သောင့်သက်သာဘေးကင်းလုံခြုံပြီး စွေးနွှန်းသင့်တင့်စွာ သွားလာနိုင်ရေး အတွက် အဆင့်မြင့်ရထားတွဲဆိုင်းအသစ်များဖြင့် ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိရာတွင် စည်းကမ်းမလိုက်နာသည့် ခရီးသည်အချို့ကြောင့် အခြားခရီးသည်များ စိတ်အနှောင့်အယှက်ကြုံတွေ့ရမှုများရှိသည့်အတွက် ရထားစီးခရီးသည်များအနေဖြင့် ခရီးစဉ်တစ်လျှောက် သန့်ရှင်းသပ်ရပ်ပြီး အခြားခရီးသည်များအတွက် အနှောင့်အယှက်မဖြစ်စေရန်နှင့်ရထားတွင်း သန့်ရှင်းမှုကို ထိန်းသိမ်းရန်၊ ကွမ်းသွေးထွေးခြင်းကို ရှောင်ကြဉ်ပေးရန်၊ ထိုင်ခုံပေါ်တွင် ခြေထောက်တင်ခြင်းမပြုရန်၊ အခြားခရီးသည်များ သန့်ရှင်းစွာအသုံးပြုနိုင်ရန် ထိုင်ခုံများအား စနစ်တကျ အသုံးပြုပေးပါရန် အသိပေးချက်များအား နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာ ရထားများပေါ်တွင် အသိပေးကြေညာချက်များ ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

ထိုသို့ ထုတ်ပြန်ကြေညာထားရှိသော်လည်း ဇူလိုင်လ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာလာသည့် အမှတ်(၃)အဆန်း ရန်ကုန်-မန္တလေး DEMU လူစီးအမြန်ရထား၊ အထက်တန်းတွဲ(၁)၊ ခုံအမှတ် 3A, 3B, 4A, 4B တို့တွင် လိုက်ပါစီးနင်းခဲ့ကြသည့် အမျိုးသမီးလေးဦးသည် အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်စေအောင် စကားကျယ်လောင်စွာပြောဆိုခြင်း၊ ကွမ်းယာစားပြီး ထိုင်ခုံအစွန်းများတွင် ကွမ်း/ထုံးနှင့် ကွမ်းသွေးများအား ပေကျံစေခြင်း၊ ကွမ်းသွေးထည့်ထားသည့် ဘူး



ရန်ကုန်-မန္တလေးပြေးဆွဲလျက်ရှိသည့် DEMU လူစီးအမြန်ရထားပေါ်တွင် အခြားသူများကို စိတ်ငြိုငြင်စေရန် ပြုမူပြောဆိုနေထိုင်ခြင်း၊ စည်းကမ်းမဲ့ကွမ်းသွေးထွေးခြင်း ပြုလုပ်ခဲ့သူ အမျိုးသမီးလေးဦး ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။

များအား စည်းကမ်းမဲ့ထားခဲ့ခြင်းတို့ပြုလုပ်ခဲ့ကြောင်း တာဝန်သိခရီးသွားပြည်သူများမှ သတင်းပေးပို့တိုင်ကြားလာခဲ့ပါသည်။

ထိုသို့တိုင်ကြားချက်အရမြန်မာ့မီးရထားနှင့် မီးရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ စိစစ်ဆောင်ရွက်ခဲ့ရာ အဆိုပါ အထက်တန်းတွဲ(၁)၊ ခုံအမှတ် 3A, 3B, 4A, 4B တို့တွင် လိုက်ပါစီးနင်းခဲ့သူများမှာ နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်နေ ခင်မာလွင်(၅၉)နှစ်၊ ဖြူဖြူလွင်(၅၇)နှစ်၊ သန်းသန်းထွေး(၄၈)နှစ်နှင့် ခင်သန္တာအောင်(၅၀)နှစ်တို့ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇူလိုင်လ ၂၃ ရက်နေ့ ညနေ ၅ နာရီခွဲတွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့လေးဦးသည် ရထား ပေါ်တွင် အခြား သူများကို စိတ်ငြိုငြင်စေရန် ပြုမူပြောဆိုနေထိုင်ခြင်း၊ အနှောင့်အယှက်ပေးခြင်း ပြုလုပ်ခဲ့ကြကြောင်းစစ်ဆေးပေါ်ပေါက်သဖြင့် ပျဉ်းမနားမြို့မ ရဲစခန်း၌ (ပ)၂၃၃/၂၀၂၆၊ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ ၈၈(က)ဖြင့် အမှုဖွင့်လှစ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၀၀)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၇-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ့	တာချံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၄၅၀	၃၄၉၀	၃၄၄၅	၃၄၆၅	၃၄၉၅	၃၅၁၀	၃၅၃၅	၃၄၄၀	၃၅၅၀	၃၅၂၀	၃၄၅၀	၃၅၀၀	၃၅၃၅	၃၄၉၅	၃၅၁၀	၃၅၅၀
95 Ron	၃၄၆၀	၃၆၀၀	၃၅၅၅	၃၄၇၅	၃၆၀၅	၃၆၂၀	၃၆၄၅	၃၅၄၀	၃၈၆၀	၃၉၀၀	၃၅၆၀	၃၆၃၅	၃၆၄၅	၃၆၀၅	၃၆၂၀	၃၈၆၀
HSD (500 ppm)	၃၅၆၀	၃၆၉၀	၃၆၅၀	၃၅၅၅	၃၆၉၅	၃၅၁၀	၃၅၃၅	၃၆၃၅	-	၃၉၈၀	၃၆၅၅	၄၀၈၀	၃၅၃၅	၃၆၉၅	၃၅၁၀	၃၉၄၀
HSD (50 ppm)	၄၃၁၅	၄၄၅၀	၄၄၁၀	၄၃၃၀	၄၄၅၅	၄၄၇၀	၄၅၀၀	၄၃၉၅	၄၇၂၅	၄၇၅၀	၄၄၁၀	၄၅၉၅	၄၄၉၅	၄၄၅၅	၄၄၇၀	၄၇၃၀
HSD (10 ppm)	၄၃၁၅	၄၄၅၀	၄၄၁၀	၄၃၃၀	၄၄၅၅	၄၄၇၀	၄၅၀၀	၄၃၉၅		၄၇၅၀	၄၄၁၀	၄၅၉၅	၄၄၉၅	၄၄၅၅	၄၄၇၀	၄၇၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၁၆၇	၃၂၆၄
95 Ron	၃၂၇၄	၃၃၇၃
HSD (500 ppm)	၃၃၈၀	၃၄၇၇
HSD (50 ppm)	၄၀၉၉	၄၂၁၀
HSD (10 ppm)	၄၀၉၉	၄၂၁၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	တာယာ/ဘက်ထရီ/စက်ဆီ/ချောဆီ	၄၈၀ ခု/လုံး/၂၂၇၆ လုံး/ ၁၇၀၈၀ ဂါလန်/၂၁၀၀Kg/ ၁၀၀၆ လီတာ
(ခ)	အမှိုက်သိမ်းယာဉ်သုံးအရန်ပစ္စည်း (ယာဉ်ကြီး/ယာဉ်ငယ်)	1 Lot/ 1 Lot
(ဂ)	၆၆၀ လီတာအမှိုက်ပုံး/ အနံ့အသက်ပျောက်ဆေးမှုန့်	၂၂၀ ပုံး/၅၇၁ အိတ်

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၇-၇-၂၀၂၆ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁၁-၈-၂၀၂၆ ရက်နေ့(၁၂:၀၀)နာရီနေ့ထိတ်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်း၀ယ်ယူရေးဌာနခွဲတွင် ၀ယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်း၀ယ်ယူရေးတင်ဒါကော်မတီ

အမည်ပြောင်း

ပျဉ်းမနားမြို့၊ အ.ထ.က(၂) Grade-7(C) မှ အဘ ဦးကျော်မင်းလွင်၏သမီး မခွန်းပြည့်ခဝ အား ယနေ့မှစ၍ မအိမ့်ခြုံးမွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မအိမ့်ခြုံးမွန်

ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အ.ထ.က(၁) Grade-6 မှ မသွန်းဝတီဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကိုထက်ဇ/လဝန(နိုင်)၁၈၈၂၆၅ ဖြစ်ပါကြောင်း။

ဦးကိုထက်

ဖခင်အမည်မှန်

ကလေးမြို့နယ်၊ အ.ထ.က(ခွဲ)အောင်ပန်း Grade-6(A) မှ ပညာသင်ကြားနေသော မောင်ခွန်ရိုင်း၏ဖခင် ဦးထွန်းလေး၏အမည်မှန်မှာ ခွန်ထွန်းလေး ၁၃/နတရ(နိုင်)၀၁၆၈၀၃ ဖြစ်ပါကြောင်း။

ခွန်ထွန်းလေး

ဖခင်အမည်မှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညို အုပ်စု၊ ကျောင်းစုရပ်နေ မောင်ဖြိုးဇင်အောင် ဇ/ဥတသ(နိုင်)၀၁၄၁၀၃ ၏ဖခင်အမည်မှန်မှာ ဦးစောကွန်း ဇ/နမန(နိုင်)၀၈၁၄၉၁ ဖြစ်ပါကြောင်း။

ဦးစောကွန်း

အမည်ပြောင်း

အဘ ဦးမျိုးသန့်၊ ၁၀/ဘလန(နိုင်)၁၁၂၂၉၏သမီး ဘီးလင်းမြို့၊ အ.ထ.က (တောင်စွန်း)ကျောင်း၊ Grade-7 မှ မစိုးစန္ဒာအား မစိုးစန္ဒာမျိုး ၁၀/ဘလန(နိုင်)၂၃၉၃၁၄ ဟုပြောင်းလဲခေါ်ဆိုပါရန်။

မစိုးစန္ဒာမျိုး

အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဇမျူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်နေ အဘ ဦးကြည်ဝင်း၏သား ဖ/ခမက(နိုင်)၀၀၂၉၈၇ ကိုင်ဆောင်သူ ကြည်သန်းထိုက်၏ အမည်မှန်မှာ ကြည်မင်းဌေးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၁-၁-၁၉၉၂ ဖြစ်ပါကြောင်း။

ကြည်မင်းဌေး၊ ၂၁-၁-၁၉၉၂

ပျောက်ဆုံးကြောင်း

လင်းဝင်းထွန်း(ဘ)ဦးခင်မောင်ကြီး ဇ/အမဇ (နိုင်)၀၁၂၁၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၈၄

ပျောက်ဆုံးကြောင်း

ထက်ထက်ခိုင်လွင်(ဘ)ဦးသိန်းလွင် ၁၃/ကမန(နိုင်)၁၄၄၀၂၂ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၇၃၄၃၂၇

ပျောက်ဆုံးကြောင်း

ဇော်မျိုးအောင်(ဘ)ဦးမောင်အေးသိန်း ၁၁/ရသတ(နိုင်)၀၉၈၂၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ဝေယံနိုင်ဝင်း(ဘ)ဦးဝင်းနိုင် ၁၀/မဒန(နိုင်) ၁၉၈၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၂၁၄၃၇၉

ပျောက်ဆုံးကြောင်း

ဒေါ်တင်အေး(ဘ)ဦးတိမ် ၁၀/မဒန(နိုင်) ၀၆၀၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၃၉၉၃၅၅

ပျောက်ဆုံးကြောင်း

ခင်နန်းသူ(ဘ)ဦးဟန်သိန်း ၈/မကန(နိုင်) ၁၅၅၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၇၇၇၄၄

ပျောက်ဆုံးကြောင်း

ဝန်းအိဖြူ(ဘ)ဦးသောင်းရွှေ ၁၀/ခဆန(နိုင်) ၁၂၇၈၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 653355)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၁၇၅၅၂၂

ပျောက်ဆုံးကြောင်း

မြတ်ထူး(ဘ)ဦးအေးမောင် ၁၀/မဒန(နိုင်) ၂၀၆၄၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 653271)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၂၁၈၇၃

ပျောက်ဆုံးကြောင်း

အောင်ဆန်း(ဘ)ဦးမွန်ထော ၃/ကဆက (နိုင်)၀၇၇၈၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၂၀၁၅၂၄

ပျောက်ဆုံးကြောင်း

ဒေါ်ဖြူဖြူငြိမ်း(Register No.107190)လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ရန်ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို ဤကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ပေးသွင်းခြင်းနှင့် တောင်းခံခြင်းများပြုလုပ်ရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်နောက်ပိုင်း တင်ပြတောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်ဖြူဖြူငြိမ်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၂၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။

Daw THAN THAN SWE
အုပ်ချုပ်မှုဒါရိုက်တာ
BEAUTYBYNAYCHI LIMITED

BEAUTYBYNAYCHI LIMITED

မြန်မာနိုင်ငံလူမဲ့ခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇(က)(၂)နှင့် ပုဒ်မ ၁၅၂(က)အရ အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

(၁၆-၇-၂၀၂၆)ရက်တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ "BEAUTYBYNAYCHI LIMITED"ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ဖြူဖြူငြိမ်း(Register No.107190)လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ရန်ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို ဤကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ပေးသွင်းခြင်းနှင့် တောင်းခံခြင်းများပြုလုပ်ရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်နောက်ပိုင်း တင်ပြတောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်ဖြူဖြူငြိမ်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၂၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။

Daw THAN THAN SWE
အုပ်ချုပ်မှုဒါရိုက်တာ
BEAUTYBYNAYCHI LIMITED

Insolvency law ပုဒ်မ ၁၄၇။(က)(၁)နှင့် (၂)အရ အစုရှင်များ၏ဆန္ဒအလျောက် OH SUNG ELECTRIC Company Limited အား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၈)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ OH SUNG ELECTRIC COMPANY LIMITED အား (၄-၅-၂၀၂၅)ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော်မောင်၊ Insolvency Practitioner (MAIP No. 109550)အား Liquidator အဖြစ်ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ မေလ(၆)ရက်နေ့ကိုနောက်ဆုံးထား၍ အထက်ဖော်ပြပါ Liquidator ထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

MR. KO JONG DEUK
DIRECTOR
OH SUNG ELECTRIC CO.,LTD.

MR. OH DU SEOK
MANAGING DIRECTOR
OH SUNG ELECTRIC CO.,LTD.

ဖခင်အမည်မှန်

ပဲခူးမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း Grade-12 သင်ကြားအောင်မြင်ခဲ့သော မအေးမြတ်သူ၏ဖခင်အမည်မှန်မှာ ဦးရင်ဆန်း ဂ/ပခန(နိုင်)၀၆၆၁၁၇ ဖြစ်ပါကြောင်း။

ဦးရင်ဆန်း

ပျောက်ဆုံးကြောင်း

မောင်စံရွှေသိန်း(ဘ)ဦးလှအေး ၁၂/တမန(နိုင်)၀၁၆၄၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၀၅၁၃၇

မိခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ဘီးလင်း)ကျောင်း Grade-12 မှ မယ္ဗန်းလွဲခိုင်၏မိခင်အမည်မှန်မှာ ဒေါ်တင်ဇာဝင်း ၁၀/ဘလန(နိုင်)၂၀၆၅၁၁ ဖြစ်ပါကြောင်း။

ဒေါ်တင်ဇာဝင်း

ပျောက်ဆုံးကြောင်း

မနိန်သန်း(ဘ)ဦးလှရွှေ ၁၀/ကမရ(နိုင်) ၀၈၅၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၁၆၅၅၅၈

ပျောက်ဆုံးကြောင်း

မောင်ရဆူလ်အာမက်(ဘ)ဦးအီဆာမက် ၁၀/ကမရ(နိုင်)၂၀၆၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၁၁၀၁၁၂

ပျောက်ဆုံးကြောင်း

ဇာနည်မွန်(ဘ)ဦး၀င်းဌေ ၁၀/မလမ(နိုင်) ၂၀၉၀၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၂၃၄၇၄

ပျောက်ဆုံးကြောင်း

ဟန်မူလင်း(ဘ)ဦးကျော်လင်း ၅/တဆန(နိုင်)၁၉၅၃၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၄၀၈၉၀၃၄

တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ မူလွန်(ညောင်ပင်လှ)ကျောင်း(မူအုပ်)ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော အဘ ဦးဖြေသောင်း ၈/တတက(နိုင်)၀၆၇၅၄၇ ၏သမီး ဒေါ်သန်းသန်းဦးနှင့် ဒေါ်သန်းဦး ၈/တတက(နိုင်)၀၆၇၈၅၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်သန်းသန်းဦး(ခ)ဒေါ်သန်းဦး

ပျောက်ဆုံးကြောင်း

ရွှေကမ္ဘာဟန်(ဘ)ဦးညီညီဟန်ဇ/အမဇ(နိုင်) ၀၅၈၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 934431)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၇၇၈၈၅၃၈

ပျောက်ဆုံးကြောင်း

ကောင်းထက်အောင်(ဘ)ဦးမြင့်ဇော် ၁/မညန(နိုင်)၁၇၆၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၈၃၁၇၈၈

ပျောက်ဆုံးကြောင်း

ကျော်သူရ(ဘ)ဦးလှကြိုင် ၁၀/ပမန(နိုင်) ၀၀၉၂၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၃၃၂၅၅

ပျောက်ဆုံးကြောင်း

စိုးဝင်းထွဋ်(ဘ)ဦးစိုးလွင် ၁၀/ကမရ(နိုင်) ၁၈၁၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၇၇၇၀၇၀၁

ပျောက်ဆုံးကြောင်း

စည်သူဖြိုး(ဘ)ဦးမြင့်စိုး ၆/ထဝန(နိုင်) ၁၅၁၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၈၉၃၀၃၅

ပျောက်ဆုံးကြောင်း

သူသူအောင်(ဘ)ဦး၀င်းနိုင် ၁၄/ကကထ(နိုင်)၂၄၂၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၀၈၅၁၇၇

ပျောက်ဆုံးကြောင်း

လင်းစန္ဒာထွန်း(ဘ)ဦးသိန်းမြင့် ၁/မညန(နိုင်)၁၄၀၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၀၈၅၁၇၇







ပင်ရင်းအရောင်း - ဗုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဗုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မဂံလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဗုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဗုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဗုန်း - ၀၉ ၆၈၅၁၀၉၀၇၇



ပင်ရင်းအရောင်း - ဗုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART - မဂံလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဗုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဗုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဗုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဗုန်း - ၀၉ ၆၈၅၁၀၉၀၇၇

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ ၂၀၂၆ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌဘိဝံသ တို့အမှူးပြုသော ဥပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပဋိဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ ○



သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

Fire Dragon Futsal Championship ပြိုင်ပွဲ YRG အသင်းနှင့် YCDC DREAM TEAM အသင်းတို့ နောက်ဆုံးဗိုလ်လုပွဲတက်


ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီမှကြီးမှူးကျင်းပသည့် Fire Dragon Futsal Championship 2026 ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်နန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ Futsal Indoor Stadium ၌ကျင်းပရာ YRG အသင်းနှင့် YCDC DREAM TEAM အသင်းတို့ နိုင်ပွဲဆက်ပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

စာမျက်နှာ ၂၉ ကော်လံ ၄ ▲



နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြိုးနိုင်



နေပြည်တော် ဇူလိုင် ၂၄

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင်လ ၂၆ ရက်မှ သြဂုတ်လ ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား

စာမျက်နှာ ၁၆ ကော်လံ ၂ ➤

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒို ပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး သဃ်နန်းကျွန်းမြို့နယ်

စာမျက်နှာ ၁၆ ကော်လံ ၁ ❐



နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်

စာ - ၃ သို့

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် တာဝါတိုင်အား ပြန်လည်ပြုပြင်ပြီးစီး၍ ပခုက္ကူ။ ရေစကြိုမြို့နယ်များ လျှပ်စစ်မှောင်အား ပြန်လည်ရရှိ

စာ - ၂၆ သို့

အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့တွင် ထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သား ၂၆ ဦးအား မြန်မာနိုင်ငံသို့ပြန်လည် ခေါ်ဆောင်

စာ - ၂၃ သို့